# စူဠဝေဒလ္လသုတ်

(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ စူဠယမကဝဂ်၊ ၃၇၃။)
(၁၃၈၃-ခုနှစ်, နတ်တော်လဆန်း ၁၃-ရက်၊ ၂၀၂၁-ခုနှစ်, ဒီဇင်ဘာလ ၁၆-ရက်)

မေးမြန်းသူ။ ဝိသာခ အနာဂါမ် ဥပါသကာ
ဖြေကြားသူ။ ဓမ္မဒိန္နာ ရဟန္တာထေရီမ
နေရာ။ ဘိက္ခုနီမကျောင်း၊ ရာဇဂြိုလ်မြို့
အကြောင်းအရာ။ သက္ကာယမှ ဝိမုတ္တိတိုင်အောင် အဆင့်ဆင့်မေးမြန်း ဖြေကြားချက်များ။

**စူဠဝေဒလ္လမည်ပုံ**

ဉာဏ်ပညာဖြင့် အဆင့်ဆင့် မေး၍ အဆင့်ဆင့်ဖြေကြားသော စကားရပ်ကို "ဝေဒလ္လ"ဟု ခေါ်၏။ ရှင်မဟာကောဋ္ဌိကမထေရ်က မေးပြီး ရှင်သာရိပုတ္တရာက ဖြေဆိုသောသုတ်မှာ ပို၍ကြီးသဖြင့် "မဟာ ဝေဒလ္လ"ဟု ခေါ်၏။ ဤသုတ်မှာ သူ့ထက် ငယ်သဖြင့် "စူဠဝေဒလ္လ"ဟု ခေါ်၏။

**နိဒါန်း**

အခါတပါး မြတ်စွာဘုရား ရာဇဂြိုလ်မြို့ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူခဲ့၏။ ထိုအချိန်၌ ဝိသာခ အနာဂါမ်ဥပါသကာသည် ဓမ္မဒိန္နာရဟန္တာထေရီ ရှိရာ ဘိက္ခုနီမကျောင်းသို့ သွားရောက်ခဲ့၏။ ရိုသေစွာ ရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေလျက် ဓမ္မဒိန္နာထေရီမကို အောက်ပါ အတိုင်း မေးမြန်း လျှောက်ထားလေ၏။

**ဓမ္မဒိန္နာထေရီ၏ အတိတ်အကြောင်း အကျဉ်းချုပ်**

၁။ လွန်ခဲ့သည် ကမ္ဘာတစ်သိန်းက ပဒုမုတ္တရာဘုရားရှင် လက်ထက်တွင် ဆင်းရဲသော အလုပ်သူမ ဖြစ်ခဲ့၏။ တနေ့၌ ရေခပ်သွားစဉ် လမ်း၌ သုဇာတမထေရ် အဂ္ဂသာဝကရဟန္တာအား ဖူးတွေ့ရ၍ သူစားရန် ပါလာသော မုံ့ကို လှူလေ၏။ ၎င်းဖြင့် အားမရနိုင်၍ မိမိဆံပင်ကို ဖြတ်ရောင်းပြီး ရသည့်ငွေဖြင့် ဝယ်၍ ဆွမ်း လှူဒါန်းခဲ့၏။ ဤသည်ကို အလုပ်ရှင်သူဌေးကြီးက သဘောကျပြီး သူ့သားနှင့် ပေးစားလေ၏။ တနေ့ ယောက်ခမ မိန်းမသူဖြင့် ကျောင်းကို သွား၍ တရားနာစဉ် ဘိက္ခုနီထေရီမ တစ်ပါးကို ဓမ္မကထိက တေဒဂ်ရာထူး ပေးနေသည်ကို တွေ့၍ နောင်တွင် သူလည်း

ကုသိုလ်ပွဲကြီးလုပ်ကာ ဤဆုကို တောင်းခဲ့ ၏။ ပဒုမုတ္တရ ဘုရားရှင်ကလည်း ဆုတောင်းပြည့်မည့်အကြောင်း ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

၂။ လွန်ခဲ့သည့် ၉၂-ကမ္ဘာ၌ ဖုဿဘုရားရှင်လက်ထက်တွင် ဘုရားအမှူးရှိသော သံဃာတော်များအား မင်းသားသုံးယောက်က ဝါတွင်း သုံးလပတ်လုံး ဆွမ်းကပ်ရာ၌ ဆွမ်းကပ်ရေးအတွက် တာဝန်ပေးထားသော ဝိသာခအလောင်းလျာ ဘဏ္ဍာရေးမှူး၏ ဇနီးဖြစ်ခဲ့၏။ ထိုစဉ်ကလည်း စေတနာ, သဒ္ဓါ ထက်သန်စွာဖြင့် ကုသိုလ်များစွာ လုပ်ခဲ့၏။

၃။ ကပဿဘုရားရှင် လက်ထက်တွင် ကိကီမင်းကြီး၏ သမီးတော် ၇-ယောက်တွင် ဆဋ္ဌမမြောက် သမီးတော် ဖြစ်ခဲ့၏။ ဖခင်ဘုရင်ကြီးက ဘိက္ခုနီဝတ်ခွင့် မပေးသဖြင့် တသက်လုံး ဗြဟ္မစရိယ အကျင့်ကို ကျင့်သုံးခဲ့၏။

၄။ ယခု ဂေါတမဘုရားရှင် လက်ထက်တွင် ရာဇဂြိုလ်မြို့၌ သူဌေးသမီးဖြစ်ပြီး ဝိသာခသူဌေးနှင့် အိမ်ထောင်ကျခဲ့၏။ ထိုဝိသာခသူဌေး အနာဂါမ်ဖြစ်ပြီး နောက်ပိုင်းတွင် သူလည်း ခွင့်တောင်း၍ ဘိက္ခုနီမ ဝတ်ခဲ့၏။ တရားအားထုတ်ရာ ရက်အနည်းငယ်အတွင်း ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့် ပြည့်စုံသော ရဟန္တာမကြီး ဖြစ်ခဲ့၏။

## ဝိသာခသူဌေး အတိတ်ဇာတ်ကြောင်း

လွန်ခဲ့သော ၉၂-ကမ္ဘာထက်က ဖုဿဘုရား လက်ထက်၌ ဗိမ္ဗိသာရမင်း အလောင်းလျာနှင့်အတူ ကုသိုလ်များ အကြီးအကျယ် ပြုလုပ်ခဲ့၏။ ဂေါတမဘုရား လက်ထက်တွင် ရာဇဂြိုလ်မြို့၌ သူဌေးသား ဖြစ်လာ၏။ နောင်တွင် ဓမ္မဒိန္နာနှင့် အိမ်ထောင်ကျ၏။ မြတ်စွာဘုရား ဘုရားဖြစ်ပြီးစ (မဟာသက္ကရာဇ် ၁၀၃-ခု၊ ပြာသိုလ်လပြည့်နေ့) ပထမဆုံးအကြိမ် ရာဇဂြိုလ်သို့ ကြွလာရာ၌ ဗိမ္ဗိသာရမင်းနှင့် အတူ လူပေါင်း ၁-သိန်း ၂-သောင်း ကြိုဆိုခဲ့ကြ၏။

ထိုပထမဆုံး တရားပွဲ၌ လူပေါင်း ၁-သိန်း ၁-သောင်း သောတာပန်ဖြစ်ခဲ့၏။ ထိုထဲတွင် ဝိသာခ သူဌေးလဲ ပါ၏။ နောက်နေ့ တရားပွဲတွင် သကဒါဂါမ်ဖြစ်၏။ နောင်အခါ အနာဂါမ်ဖြစ်လာ၏။ နောင်တွင် ဓမ္မဒိန္နာလဲ သူဌေးကြီးထံ ခွင့်တောင်း၍ ဘိက္ခုနီဝတ်ခဲ့၏။ မြို့ကျောင်းတွင် ညှော့သည်များသဖြင့် တရား အားထုတ်ခွင့် မရပေ။

တနေ့တွင် ဓမ္မဒိန္နာထေရီမက “သူဌေးကြီးပင် အိမ်မှာနေရင်း အားထုတ်နိုင်သေး၏။ ငါလည်း ဒုက္ခမှလွတ်အောင် အားထုတ်မှ သင့်မည်”ဟု ကြံစည်ကာ ဥပဇ္ဈာယ်ဆရာ ဘိက္ခုနီမကြီးကို အဖော်

ခေါ်လျက် တောရှာငယ်သို့ သွား၍ အားထုတ်၏။ ရှေးဘဝက အားထုတ်ခဲ့ဖူးသော ပါရမီအဟုန်ကြောင့် မကြာမီပင် ရဟန္တာဖြစ်သွား၏။

ထို့နောက် ဓမ္မဒိန္နာသည် “ငါ၏ ရဟန်းတရား အားထုတ်မှုကား ပြီးပြီ။ ဤတော၌ နေသဖြင့် အကျိုးမရှိချေ။ ရာဇဂြိုလ်သို့ ပြန်သွားလျှင် ငါ့ကို အမှီပြု၍ ဆွေမျိုးများလည်း ကုသိုလ်ကောင်းမှု ပြုခွင့် ရကြလိမ့်မည်။ အတူနေ ဘိက္ခုနီမများလည်း ပစ္စည်းလေးပါး လာဘ်လာဘ ပြည့်စုံကြလိမ့်မည်”ဟု ကြံစည်၍ မူလကျောင်းသို့ ပြန်လာခဲ့၏။

ဤသတင်းကို ဝိသာခသူဌေးကြီး ကြားသိ၍ ကျောင်းသို့လာပြီး “သာသနာ့ဘောင်တွင် မပျော်လို့ ပြန်လာတာလား”ဟု မေးလျှင် ပညာရှိမဆန်၍ ယဉ်ကျေးလေအောင် တဖက်လှည့်ဖြင့် အောက်ပါ မေးခွန်းများကို ဓမ္မဒိန္နာထေရီမအား ရိုသေစွာ ရှိခိုပြီးလျှင် မေးမြန်းခဲ့၏။ မေးသောအခါ အစဉ်အတိုင်း အောက်မဂ်သုံးပါးတို့၌ မေးသင့်သမျှကို မေးပြီးလျှင် သူ နာယူမှတ်သားလထားသော အရဟတ္တမဂ် ဆိုင်ရာ ပြဿနာများကိုလည်း မေးမြန်ခဲ့၏။ မေးသမျှကိုလည်း ကြာရိုးကို ဓားဖြင့်ဖြတ်သလို တိကျ မြန်ဆန်စွာ ဖြေဆိုခဲ့၏။

## မေးရခြင်း၏ ရည်ရွယ်ချက်

မြတ်စွာဘုရားသည် သစ္စာလေးပါးကို နေရာတိုင်း၌ ဟောပြောပြသ နေ၏။ ထိုသစ္စာဆိုင်ရာ မေးခွန်းများကို မဖြေဆိုနိုင်ခဲ့သော် ဓမ္မဒိန္နာသည် သာသနာ၌ မပျော်ဟု ယူဆမည်။ ရှင်းလင်းစွာ ဖြေဆိုနိုင်ခဲ့သော် သာသနာ၌ ပျော်ပြီ။ တရားထူးများ ရပြီဟု ယူဆပေမည်။

# သစ္စာလေးပါးဆိုင်ရာ မေးခွန်းများ

**(၁) သက္ကာယဟူသည် အဘယ်နည်း?**

**အရှင်မ ဓမ္မဒိန္နာ... “သက္ကာယ, သက္ကာယ”ဟု ခေါ်ဝေါ်နေကြပါ၏။ အဘယ်အရာကို “သက္ကာယ” ဟု မြတ်စွာဘုရား ဟောတော်မူပါသနည်း?**

## သက္ကာယ-ဟူသည်

ထင်ရှားရှိသော ရုပ်နာမ်အပေါင်းကို သက္ကာယ-ဟု ခေါ်သည်။ (သ+ကာယ။ သ-ထင်ရှားရှိသော၊ ကာယ-ရုပ်နာမ်အပေါင်း။) ထင်ရှားရှိသော ရုပ်နာမ်အပေါင်းသည် ခဏမစဲ ဖြစ်ပျက်နေသောကြောင့် ဒုက္ခသစ္စာလည်း ဟုတ်၏။

မှတ်ချက်။ ဤမေးခွန်းသည် ဒုက္ခသစ္စာကို ရည်ရွယ်၍ မေးခြင်းဖြစ်သည်။

**အဖြေ။ ။ဒါယကာ ဝိသာခ… ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို “သက္ကာယ”ဟု မြတ်စွာဘုရား ဟောတော် မူအပ်ပါ၏။ ဤငါးပါးတို့ ဟူသည်မှာ- ရုပ် ဥပါဒါနက္ခန္ဓာ, ဝေဒနာ ဥပါဒါနက္ခန္ဓာ, သညာ ဥပါဒါနက္ခန္ဓာ, သင်္ခါရ ဥပါဒါနက္ခန္ဓာ, ဝိညာဏ် ဥပါဒါနက္ခန္ဓာတို့ ဖြစ်၏။ ဤငါးပါးသော ဥပါဒါနက္ခန္ဓာ တို့ကို “သက္ကာယ”ဟု မြတ်စွာ ဘုရား ဟောကြားအပ်၏။**

ဥပါဒါနက္ခန္ဓာဟူသည်။ ။စွဲလမ်းတတ်သော ဥပါဒါန်တို့ အာရုံဖြစ်သော ရုပ်နာမ်တရားများပင် ဖြစ်သည်။ မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, ထိတိုင်း, သိတိုင်း ထင်ရှားဖြစ်ပေါ်နေသော ရုပ်နာမ် တရားများပင် ဖြစ်သည်။ ၎င်းတို့ကို မရှုမှတ်၍ အနိစ္စစသည်ဖြင့် မသိလျှင် မြဲသည့်အနေ, ချမ်းသာသည့် အနေ, အသက်ရှင်နေသော အတ္တကောင် အနေအားဖြင့် စွဲလမ်းနိုင်၏။ ထိုသို့ စွဲလမ်းနိုင်သောကြောင့် ထိုရုပ်နာမ်များကို ဥပါဒါနက္ခန္ဓာ-ဟု ခေါ်သည်။ ထိုအစွဲလမ်းခံရသော ရုပ်နာမ်များသည် ထင်ရှားရှိသော ကြောင့် “သက္ကာယ”ဟု ခေါ်သည်။

**မြင်သိဆဲခဏ၌ ဥပါဒါနက္ခန္ဓာငါးပါး**

၁။ မြင်ဆဲခဏ၌ မျက်စိနှင့် အဆင်းသည် ရုပ်ဥပါဒါနက္ခန္ဓာ။
၂။ မြင်လို့ ကောင်း-မကောင်းခံစားမှုသည် ဝေဒနာဥပါဒါနက္ခန္ဓာ။
၃။ မြင်ရသော အဆင်းကို မှတ်သားမှုသည် သညာဥပါဒါနက္ခန္ဓာ။
၄။ မြင်ခြင်းကိစ္စပြီးအောင် ကြောင့်ကြစိုက်မှု, နှလုံးသွင်းမှုသည် သင်္ခါရဥပါဒါနက္ခန္ဓာ။
၅။ မြင်သိရုံမျှ သဘောက ဝိညာဏ်ဥပါဒါနက္ခန္ဓာ။
ဤသို့ မြင်သိဆဲ၌ ထင်ရှားရှိသော ဤရုပ်နာမ်ခန္ဓာငါးပါးကို သက္ကာယဟု ခေါ်သည်။

**ခန္ဓာငါးပါးကို တဏှာ,ဒိဋ္ဌိတို့ဖြင့် စွဲလမ်းပုံ**

ဝိပဿနာ မရှုသော သာမန်ပုဂ္ဂိုလ်သည် မြင်ရသော အဆင်းကိုလည်း နှစ်သက်သာယာပြီး တဏှာဖြင့် စွဲတတ်၏။ ယောက်ျား,မိန်းမဟု ထင်မှတ်ပြီး ဒိဋ္ဌိဖြင့် စွဲတတ်၏။ မျက်စိအကြည်ဓာတ်ကို လည်း တဏှာဖြင့် သာယာစွဲလမ်းတတ်၏။ ငါမြင်သည်ဟု ဒိဋ္ဌိဖြင့်လည်း စွဲတတ်၏။

မြင်လို့ကောင်းတာကိုလည်း သာယာနှစ်သက်ပြီး စွဲလမ်း၏။ မကောင်းလျှင်လည်း ကောင်းတာကို မျှော်လင့်လျက် တဏှာဖြင့် စွဲ၏။ ထိုမြင်လို့ ကောင်း-မကောင်းခံစားမှုကိုပင် ငါဟု ဒိဋ္ဌိဖြင့် စွဲပြန်၏။

မြင်သောအရာကို မှတ်မိတာကိုလည်း နှစ်သက်စွဲလမ်း၏။ ထိုမှတ်မိတာကိုပင် ငါဟုလည်း ထင်မှတ်စွဲလမ်းပြန်၏။

မြင်မှု၌ ကြောင့်ကြစိုက်မှု, နှလုံးသွင်းမှုကိုလည်း တဏှာဖြင့် နှစ်သက်စွဲလမ်း၏။ ထိုကြောင့်ကြစိုက်မှုကိုပင် ငါ-ဟုလည်း ဒိဋ္ဌိဖြင့် ထင်မှတ်စွဲပြန်၏။

မြင်သိမှုကိုလည်း သာယာစွဲလမ်း၏။ ငါက မြင်တယ်ဟုလည်း ဒိဋ္ဌိဖြင့် ထင်မှားစွဲလမ်းပြန်၏။

ဤနည်းဖြင့် မြင်ဆဲခန္ဓာငါးပါးတို့ကို တဏှာ,ဒိဋ္ဌိတို့ဖြင့် သာယာလျက်ငင်း, ထင်မှားလျက်ငင်း စွဲလမ်းမှုများ ဝိပဿနာမရှုမိလျှင် အမြဲဖြစ်နေ၏။

**ထိသိဆဲခဏ၌ ဥပါဒါနက္ခန္ဓာငါးပါး**

၁။ တွေ့ထိဆဲခဏ၌ ကိုယ်အကြည်နှင့် ထိတွေ့စရာသည် ရုပ်ဥပါဒါနက္ခန္ဓာ။

၂။ တွေ့ထိလို့ ကောင်း-မကောင်းခံစားမှုသည် ဝေဒနာဥပါဒါနက္ခန္ဓာ။

၃။ ထိသိရသော အတွေ့ကို မှတ်သားမှုသည် သညာဥပါဒါနက္ခန္ဓာ။

၄။ ထိသိမှုကိစ္စပြီးအောင် ကြောင့်ကြစိုက်မှု, နှလုံးသွင်းမှုသည် သင်္ခါရဥပါဒါနက္ခန္ဓာ။

၅။ ထိသိရုံမျှ သဘောက ဝိညာဏ်ဥပါဒါနက္ခန္ဓာ။

ဤသို့ ထိသိဆဲ၌ ထင်ရှားရှိသော ဤရုပ်နာမ်ခန္ဓာငါးပါးကို သက္ကာယဟု ခေါ်သည်။

**ခံစားမှုမှာ သုတ္တန်နှင့် အဘိဓမ္မာ ညှိယူ**

မြင်ဆဲ, ကြားဆဲ, နံဆဲ, စားဆဲတို့၌ အဘိဓမ္မာနည်းအရ ဥပေက္ခာ ဝေဒနာသာ ဖြစ်၏။ သို့သော် ကောင်းသော အဆင်း, အသံစသည်ကို မြင်ရ,ကြားရလျှင် ကောင်းသောအနေအားဖြင့် ခံစားမှုထင်ရှား၏။ မကောင်းသော အဆင်း,အသံ စသည်ကို မြင်ရ,ကြားရလျှင်ကား မကောင်းသောအားဖြင့် ထင်ရှား၏။ မကောင်း,မဆိုးအာရုံကို မြင်ရ,ကြားရလျှင် ရိုးရိုးအားဖြင့် ခံစားမှု ထင်ရှား၏။ ထို့ကြောင့် သုတ္တန်နည်းအရ မြင်ဆဲ, ကြားဆဲ, နံဆဲ, စားဆဲမှာလည်း ဝေဒနာ သုံးမျိုးလုံး ဖြစ်နိုင်၏။

တွေ့ထိဆဲ၌ အဘိဓမ္မာနည်းအရ သုခနှင့် ဒုက္ခ ဟူသော ဝေဒနာ ၂-ပါးသာ ဖြစ်၏။ သို့သော် သုတ္တန်နည်းအရ မဆိုးမကောင်း, အလယ်အလတ် အဒုက္ခမသုခ ဝေဒနာလည်း ထင်ရှားဖြစ်သည်သာ။

**သက္ကာယ, ဥပါဒါနက္ခန္ဓာ, ဒုက္ခသစ္စာ**

ရုပ်နာမ် ခန္ဓာတို့သည် ထင်ရှားရှိသောကြောင့် "**သက္ကာယ**"ဟု ခေါ်သည်။ ဖြစ်ဆဲရုပ်နာမ် ခန္ဓာတို့သည် တဏှာ,ဒိဋ္ဌိတို့ဖြင့် စွဲလမ်းနိုင်သောကြောင့် "**ဉပါဒါနက္ခန္ဓာ**"ဟု ခေါ်သည်။ ထိုဖြစ်ဆဲရုပ်နာမ်တို့သည် ဖြစ်ပြီးလျှင် ပျက်တတ်သောကြောင့် "**ဒုက္ခသစ္စာ**"ဟု ခေါ်သည်။

ထို့ကြောင့် ခန္ဓာငါးပါးကိုပင် "သက္ကာယ"ဟုဒင်း၊ "ဉပါဒါနက္ခန္ဓာ"ဟုဒင်း၊ "ဒုက္ခသစ္စာ"ဟုဒင်း ခေါ်သည်။

**(၂) သက္ကာယ သမုဒယသစ္စာ အမေး**

**အရှင်မ ဓမ္မဒိန္နာ... "သက္ကာယခေါ် ဒုက္ခသစ္စာ၏ဖြစ်ကြောင်း, သက္ကာယခေါ် ဒုက္ခသစ္စာ၏ ဖြစ်ကြောင်း"ဟု ပြောဆိုကြပါ၏။ အဘယ်တရားကို "သက္ကာယခေါ် ဒုက္ခသစ္စာ၏ဖြစ်ကြောင်း"ဟု မြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသနည်း?**

**အဖြေ။ ။ဒါယကာ ဝိသာခ... အကြင် ဆာလောင်မှုတဏှာသည် တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်၏။ နှစ်သက်စွဲလမ်းခြင်းနှင့် တကွ ဖြစ်၏။ ထိုထိုရောက်ရာဘဝ, ရရာအာရုံ၌ နှစ်သက်မွေ့လျော်လေ့ရှိ၏။**

**ဤတဏှာသည် အဘယ်နည်း? ဟူမူ... လိုချင်စရာ ကာမဂုဏ်၌ဖြစ်သော ဆာလောင်မှု ကာမတဏှာ၊ အမြဲရှိနေသည်ဟု ထင်လျက်ဖြစ်သော ဆာလောင်မှု ဘဝတဏှာ၊ သေပြီးလျှင် မရှိတော့ဟု ထင်လျက်ဖြစ်သော ဆာလောင်မှု ဝိဘဝတဏှာတို့ ဖြစ်၏။ ဤဆာလောင်မှုတဏှာကို သက္ကာယခေါ် ဒုက္ခသစ္စာ၏ ဖြစ်ကြောင်းဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။**

**တဏှာ = ဆာလောင်ခြင်း**

အစားအသောက်များ ဆာလောင်သလို တဏှာ-ဟူသော ပါဠိသည် ဆာလောင်ခြင်းဟု အဓိပ္ပါယ် ရှိ၏။ မူရင်း ပုဒ်က "**တသ**"၊ "တသ"မှ "တဏှာ" ဖြစ်လာ၏။ မိမိကြိုက်သောအရာကို အထပ်ထပ် မြင်ချင်, ကြားချင်, နံချင်, စားချင်, ထိတွေ့ချင်နေကြ၏။ မရှိလျှင် မနေနိုင်။ အထပ်ထပ် ပြုလုပ်လိုကြ၏။ အားမရနိုင်။ ထိုသို့ အားမရနိုင်တာကိုပင် "ဆာသည်" ဟု ခေါ်၏။ ကွမ်းကြိုက်သူများ ကွမ်းမစားရလျှင် မနေနိုင်၊ ဆေးလိပ်ကြိုက်သူများ ဆေးမသောက်ရလျှင် မနေနိုင်။ "**တသ,သ**" ဖြစ်နေတော့၏။ ဤသည် မှာ တဏှာသဘောပင်တည်း။

**ပေါနောဘဝိကာ = တဖန် ဘဝသစ်ကို ဖြစ်စေတတ်ခြင်း**

ဆာလောင်တပ်မက်နေသော တဏှာကြောင့် သေခါနီးကာလဝယ် ထိုတပ်မက်သော အာရုံကို စွဲလျက် စုတိစိတ် ချုပ်၏။ ထိုအာရုံလေးကိုပင် နောက်ဘဝ ပဋိသန္ဓေစိတ်က အာရုံပြုပြီး ဘဝသစ်တစ်ခု ဖြစ်သွား၏။ ထိုဘဝသစ်ဟူသည် အခြားမဟုတ်။ သက္ကာယဟူသော ခန္ဓာငါးပါးပင်တည်း။

#### ခွေးကို အားကျမိ၍ ခွေးဖြစ်ရ

အလ္လကပ္ပတိုင်းတွင် အငတ်ဘေး(သို့) ရင်းနာဘေးကျ၍ ကောတုဟလိကသည် မယားနှင့် သားကိုခေါ်၍ ပြေးခဲ့၏။ သားကို လမ်းတွင် စွန့်ခဲ့၏။ ရွာတစ်ရွာအရောက်တွင် နွားသူဌေးက နို့ညှစ် မင်္ဂလာ ဆွမ်းကျွေးပွဲနှင့် ကြုံ၍ ဝင်စားကြ၏။ ထိုအခိုက် သူဌေးက သူ့ခွေးမကြီးအား နို့ထမင်းများ ကျကျနန ကျွေးနေသည်ကို တွေ့လိုက်ရ၍ “ဒီခွေးမကြီးကမှ ငါ့ထက် ဘုန်းရှိသေးတယ်”ဟု တွေးမိ၏။ ထိုညမှာပင် ကောတူဟလိကလဲ နို့ထမင်း အစာမကြေ၍ သေလေ၏။ သေပြီး နေခင်းက သူမြင်လိုက် သော ခွေးမကြီး၌ တစ်ကောင်တည်းသော ခွေးအဖြစ် ရောက်ခဲ့ရ၏။ (သာမာဝတီဝတ္ထု၊ ဓမ္မပဒ)

### နန္ဒီရာဂ သဟဂတာ = နှစ်သက်ခြင်း စွဲလမ်းခြင်း သဘောရှိ

တဏှာသည် သတ္တဝါကို ရောက်ရာဘဝ၌ ပျော်ရွှင်နှစ်သက်အောင် လုပ်ပေးထား၏။ မပြီးသေးပေ။ ဘဝမှ လွတ်မထွက်ပဲ စွဲလမ်းအောင်လဲ လုပ်ပေးထား၏။

### တတြတတြာဘိနန္ဒိနီ = ရောက်ရာဘဝ ရရာအာရုံ၌ ပျော်မွေ့တတ်

တဏှာသည် ရောက်ရာဘဝ၌ ဆိုးကောင်း နိမ့်မြင့်မဟူ ကြိုက်တတ်၏။ ရသည့် အဆင့်အတန်း ဖြင့် ပျော်မွေ့နေ၏။

#### နွားချေးပိုးဖြစ်လဲ ပျော်တာဘဲ

ကာသိတိုင်း အဿကဘုရင်ကြီး၏ ဥပရိဒေဝီ မိဖုရားကြီး နတ်ရွာစံသောအခါ ဘုရင့်ဥယျာဉ်ထဲ၌ပင် နွားချေးပိုးမ ဖြစ်ရ၏။ ထိုဘဝ၌ သူ၏ နွားချေးပိုးထီးကြီးဖြင့် ပျော်နေ၏။ အတိတ်ဘဝကို သတိမရ တော့ပေ။ (အဿကဇာတ်၊ ဒုကနိပါတ်)

### တဏှာ ၃-မျိုး

**၁။ ကာမတဏှာ = အဆင်း,အသံ အစရှိသော ကာမဂုဏ် အာရုံများ၌ ဆာလောင်တပ်မက် နှစ်သက်တတ်သည့် တဏှာ၊**

**၂။ ဘဝတဏှာ = ဘဝသည် မပျက်မစီး အမြဲတည်နေသည်ဟူသော သဿတဒိဋ္ဌိနှင့်**
**တကွဖြစ်သော တဏှာ၊**
**၃။ ဝိဘဝတဏှာ = ဘဝကင်းပြတ်ခြင်း၌ တပ်မက်သည့် ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာ၊**

ဆောင်။ **ကာမတဏှာ၊ ကောင်းနိုးရာ၊ သာယာနှစ်သက်မှု။**
**ဘဝတဏှာ၊ သဿတာ၊ ထင်ကာ နှစ်သက်မှု။**
**ဝိဘဝမှာ၊ ဥစ္ဆေဒါ၊ ထင်ကာ နှစ်သက်မှု။**
**သက္ကာယဖြစ်ရန်၊ အကြောင်းမှန်၊ သုံးတန် တဏှာစု။**

**ကာမတဏှာ**

လိုချင်စရာ ကာမဂုဏ် အာရုံများကို လိုချင်တပ်မက်မှု မှန်သမျှသည် ကာမတဏှာချည်းသာ။ ထိုအာရုံတို့၌ မမြဲတာကို မြဲသည်၊ ဆင်းရဲတာကို ချမ်းသာသည်၊ အတ္တမဟုတ်သည်ကို အတ္တကောင်ဟု သဘောမှန်ကို ဖုံးကွယ်မှုသည် အဝိဇ္ဇာ။ ထိုသို့ ဖုံးကွယ်ထားသဖြင့် စွဲလမ်းမှု ဥပါဒါန်ဖြစ်လာ၏။ ထိုစွဲလမ်း မှုများ ပြည့်စုံအောင် ပြုလုပ်တော့ ကုသိုလ်-အကုသိုလ် ကမ္မဘဝ ဖြစ်လာ၏။ ထိုပြုလုပ်မှုကြောင့် ဘဝသစ် ရလာ၏။ ထိုရလာသော ဘဝသစ်သည် ခန္ဓာငါးပါးဟူသော "သက္ကာယ"သာ ဖြစ်၏။ ထို့ကြောင့် ကာမတဏှာကို "သက္ကာယ"ဖြစ်ကြောင်း "သမုဒယသစ္စာ"ဟု ဆို၏။

**ဘဝတဏှာ ၄-မျိုး**

၁။ ကာမဘုံသားတို့အား မိမိ၏ ရဆဲဘဝ၌ သာယာတပ်မက်မှု၊ နောင်အခါ၌ လူကောင်း, နတ်ကောင်း စသည် ဖြစ်လိုမှုဟူသော ကာမဘဝ၌တောင့်တမှု ဘဝတဏှာ၊

၂။ "သတ္တဝါကောင်သည် မပျက်မစီး အမြဲတည်နေသည်"ဟု ယူဆသော ဒိဋ္ဌိနှင့်အတူဖြစ်သော တဏှာပေတည်း၊ ထိုတဏှာသည် အတ္တကောင်, ငါကောင် အမြဲတည်ရှိနေ၏-ဟူသည်ကို နှစ်သက် သဘောကျ၏။ ဤ၌ '**ဘဝ**'ဟူသော ပုဒ်၏အနက်ကို "**အမြဲ ရှိနေသည်၊ အမြဲ ဖြစ်နေသည်**"ဟု ပြန်ဆို ရာ၏။ အမြဲရှိနေသော အခြင်းအရာအားဖြင့် သာယာသောကြောင့် ဤသဿတဒိဋ္ဌိနှင့် ယှဉ်သောရာဂကို ဘဝတဏှာဟု ခေါ်သည်။

(**သဿတဒိဋ္ဌိ-ဟူသည် =** အသက်ရှင်နေသော အတ္တကောင်သည် ဘယ်တော့မှ မသေမပျက်ပေ။ ရုပ်ကြမ်းကိုယ်ကြီးက ပျက်စီးသွားသော်လည်း အတွင်းအတ္တကောင်ကား မပျက်ပေ။

အခြားရုပ်ကိုယ်သစ် တစ်ခုထဲသို့ ဝင်ပြီး တည်ရှိနေ၏။ ကမ္ဘာပျက်သော်လည်း သူကား မပျက်။ အမြဲတမ်း တည်နေ၏ဟု ထင်မှတ်သော အယူပင်ဖြစ်သည်။)

၃။ ရူပဗြဟ္မာ, အရူပဗြဟ္မာ ဘဝများကို သာယာတပ်မက်သော တဏှာ၊

၄။ ရ,ထားသော ရူပစျာန်, အရူပစျာန်တို့၌ နှစ်သက်သာယာခြင်း၊ မရသေးလျှင်လည်း ရလိုခြင်း တဏှာ၊

## ဝိဘဝတဏှာ-ဟူသည်

“**ဝိဘဝ**”သဒ္ဒါသည် "ဘဝဖြစ်မှု ကင်းခြင်း၊ ဘဝ ပြတ်စဲခြင်း"ဟု အဓိပ္ပါယ်ရှိ၏။ “အတ္တကောင်သည် မသေခင်သာ ရှိ၏။ သေပြီးလျှင်ကား မရှိတော့”ဟု ထင်မြင်ယူဆပြီး နှစ်သက်စွဲလမ်းခြင်းကို “ဝိဘဝတဏှာ” ဟုခေါ်၏။ ထိုတဏှာသည် ဘဝပြတ်သည်-ဟူသော ဉစ္ဆေဒဒိဋ္ဌိအယူနှင့် ယှဉ်တွဲလျက်ဖြစ်၏။

ဆင်းရဲဒုက္ခ အကြီးအကျယ် ရောက်နေသဖြင့် သေခြင်းကို တောင့်တတတ်သူများ၊ မိမိကိုယ်ကိုယ် သတ်သေသူများသည် “သေလျှင် ဒုက္ခမရှိတော့။ ဒီဒုက္ခပြတ်ပြီ”ဟု ထင်မြင်ယူဆတတ်ကြ၏။ ဤဝိဘဝ တဏှာပင် ဖြစ်သည်။

မှတ်ချက်။ ။ဤ‘**ဝိဘဝ**’ဟူသော သဒ္ဒါသည် "စည်းစိမ်နှင့် ပြည့်စုံခြင်း ဘောဂသမ္ပတ္တိ"ဟုလည်း အဓိပ္ပါယ် ရှိ၏။ ထို့ကြောင့် အချို့သော အနောက်တိုင်း ဘာသာပြန်စာအုပ်များ၌ သေးငယ်သော စည်းစိမ် ကို စွဲလမ်းလျှင် “တဏှာ”။ **"ကြီးကျယ်သော စည်းစိမ်ကို စွဲလမ်းလျှင် ဝိဘဝတဏှာ"၊ ထိုကြီးကျယ်သော စည်းစိမ် အပေါ် စွဲလမ်းမှုကို စွန့်ရမည်**”ဟု ဘာသာပြန်တတ်ကြ၏။ အမှားပေတည်း။ ကာမဂုဏ်စည်းစိမ် စွဲလမ်းမှု မှန်သမျှသည် “ကာမတဏှာ”ထဲ၌ ပါပြီးဖြစ်၏။ ထို့ကြောင့် ဤ၌ကား ဘဝပြတ်စဲခြင်း အယူ အဆ၌ စွဲလမ်းတပ်မက်သော ဉစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သည့် တဏှာကိုသာ ယူရမည်။

## (၃) သက္ကာယ နိရောဓ အမေး

**အရှင်မ ဓမ္မဒိန္နာ... “သက္ကာယချုပ်ရာ၊ သက္ကာယချုပ်ရာ”ဟု ပြောဆိုကြပါ၏။ အဘယ်တရားကို “သက္ကာယချုပ်ရာ”ဟု မြတ်စွာဘုရား ဟောတော်မူပါသနည်း?**

**အဖြေ။ ။ဒါယကာ ဝိသာခ… ထိုတပ်မက်မှု တဏှာ၏သာလျှင် အကြွင်းမဲ့ တပ်စွန်းခြင်း ကင်းသောအားဖြင့် ချုပ်ရာ, စွန့်ပစ်ရာ, ဝေးစွာ စွန့်ပစ်ရာ, လွတ်မြောက်ရာ, တွယ်တာကပ်ငြိမှု မရှိရာ နိဗ္ဗာန်ကို သက္ကာယ ချုပ်ရာဟု မြတ်စွာဘုရား ဟောတော်မူ၏။**

**တဏှာယ အသေသ-ဝိရာဂ-နိရောဓ= တဏှာ၏ အကြွင်းမဲ့ချုပ်ရာ**

အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်လိုက်သော ခဏ၌ ထိုပုဂ္ဂိုလ်၏ သန္တာန်၌ရှိသော တဏှာမှာ အကြွင်းမဲ့ ချုပ်ငြိမ်းသွားတော့၏။ သက္ကာယခေါ် ဘဝခန္ဓာကို ဖန်တီးတည်ဆောက်တတ်သော တဏှာသည် နောက် ဘယ်တော့မှ ဖြစ်ခွင့်မရှိတော့ပေ။ ထို့ကြောင့် နိဗ္ဗာန်ကို "တဏှာ၏ အကြွင်းမဲ့ချုပ်ရာ" ဟု ခေါ်၏။

**မှတ်ချက်**။ ။နိရောဓ-ချုပ်ငြိမ်းခြင်း-ဟူသည် ဥပါဒါနက္ခန္ဓာဟူသော ရုပ်နာမ်တို့၏ ချုပ်ခြင်း, ငြိမ်းခြင်းပင် ဖြစ်သည်။ ဤချုပ်ခြင်းသည်လည်း ရုပ်နာမ်များဖြစ်ပြီးလျှင် ချုပ်သွားသလို ချုပ်သည် မဟုတ်။ အကြောင်း ကိလေသာများ ဖြစ်ခွင့်မရှိတော့ဘဲ ကင်းငြိမ်းပြီး, အကျိုးခန္ဓာ ၅-ပါး ဒုက္ခသစ္စာတရား ချုပ်ငြိမ်းကင်းပြတ်သွားခြင်းကို နိရောဓသစ္စာ-နိဗ္ဗာန်ဟု ခေါ်၏။ ဥပမာအားဖြင့်- လောင်စာမရှိတော့သဖြင့် မီးငြိမ်းသွားခြင်းမျိုး ကဲ့သို့ပင်တည်း။

တနည်းအားဖြင့် ပဋိစ္စသမုပ္ပါဒ် ပဋိလုံနှင့် နိဗ္ဗာန်၏ သဘောနှင့် အတူတူပင် ဖြစ်၏။ အကြောင်းတရားများ အဆင့်ဆင့် ချုပ်ခြင်းကြောင့် အကျိုးတရားများ အဆင့်ဆင့် ချုပ်သွားခြင်းသာဖြစ်၏။

**စာဂ**။ ။ နိဗ္ဗာန်အငြိမ်းဓာတ်ကို မြင်လိုက်သောအခါ ရှိသမျှတဏှာကို အပြီးတိုင် စွန့်လိုက်တော့၏။ တွယ်တာငြိကပ်လျက် လက်ကျန်တဏှာ ဘာမျှ မရှိတော့။ ထို့ကြောင့် နိဗ္ဗာန်ကို "စာဂ"ဟုလည်း ခေါ်၏။

**ပဋိနိဿဂ္ဂ။** ။ စွန့်ခြင်း-ဟူသည် နောက်ဘယ်တော့မှ ပြန်မလာနိုင်အောင် အရဟတ္တမဂ်ဖြင့် အဝေးဆုံးသို့ ရောက်အောင် စွန့်ပစ်လိုက်၏။ ထိုသို့ တဏှာပြန်မလာနိုင်အောင် ဝေးကွာသွားသောကြောင့် နိဗ္ဗာန်ကို "ပဋိနိဿဂ္ဂ"ဟုလည်း ခေါ်၏။

**မုတ္တိ။** ။ အရဟတ္တမဂ်စိတ်ဖြင့် နိဗ္ဗာန်ကို တွေ့ဆဲခဏ၌ တဏှာကို အပြီးသတ် ဖြေလွှတ်လိုက်တော့၏။ တဏှာ ကသာလျှင် ဘဝခန္ဓာကို စုဆောင်းတတ်၏။ တဏှာလွှတ်လိုက်သောအခါ သက္ကာယခေါ် ရုပ်

နာမ်များ မလာတော့ပေ။ တဏှာ၏ လွတ်မြောက်ရာနယ်မြေသို့ ရောက်သွားပေပြီ။ ထို့ကြောင့် နိဗ္ဗာန်ကို "မုတ္တိ"ဟုလည်း ခေါ်၏။

**အနာလယ။** ။ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို မြင်လိုက်လျှင်ပင် ဘဝကို တွယ်တာနေသည့် အာလယ သည် ပြတ်သွားတော့၏။ ထိုသို့ သက္ကာယခေါ် ဘဝခန္ဓာအပေါ်၌ နောက်ကြောင်းပြန် ငဲ့ကွက်တွယ်တာမှု မရှိတော့သောကြောင့် နိဗ္ဗာန်ကို "အနာလယ"ဟုလည်း ခေါ်၏။

## အရိယာမဂ်ခဏ၌ နိဗ္ဗာန်ကို တွေ့ပုံ

ဝိပဿနာရှုဆဲ ခဏ၌ ရုပ်နာမ်တို့၏ ဖြစ်-ပျက်ကိုသာ တွေ့သိနေရ၏။ အရိယာမဂ်ခဏ၌ကား ထိုရုပ်နာမ်တို့၏ ကင်းဆိတ်နေမှုကိုသာ တွေ့ရ၏။ ထိုရုပ်နာမ်တို့၏ ကင်းငြိမ်းမှုသဘောသည် မဂ်ဖိုလ် တို့၏ အာရုံဖြစ်သော **သာမညနိဗ္ဗာန်**ပင် ဖြစ်၏။ အရိယာမဂ်၏ အစွမ်းကြောင့် အကြောင်းကိလေသာနှင့် အကျိုးရုပ်နာမ်တွေ ဖြစ်ခွင့်မရှိပဲ ချုပ်ငြိမ်းတာက **ဝိသေသနိဗ္ဗာန်** ဖြစ်၏။

## တဏှာကို မဂ်ဖြင့် လေးပိုင်းဖြတ်၍ ပယ်

၁။ သောတာပတ္တိမဂ်= အပါယ်လေးပါး၌ဖြစ်မည့် **တဏှာ**နှင့် ကာမသုဂတိဘုံ၌ (၇)ဘဝထက် အလွန် ဖြစ်စေနိုင်သော တဏှာတို့ ချုပ်ငြိမ်း၏။ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ၂-ပါးလည်း ချုပ်ငြိမ်း၏။

၂။ သကဒါဂါမိမဂ်= အကြမ်းစားဖြစ်သော **ကာမရာဂ**နှင့်ဗျာပါဒတို့ ချုပ်ငြိမ်း၏။ ကာမသုဂတိဘုံ၌ (၂)ဘဝထက် အလွန် ဖြစ်စေနိုင်သော တဏှာလည်း ချုပ်၏။

၃။ အနာဂါမိမဂ်= ကာမဘုံ၌ဖြစ်သော **တဏှာ**နှင့် ဗျာပါဒတို့ လုံးဝချုပ်ငြိမ်း၏။

၄။ အရဟတ္တမဂ်= ရူပ,အရူပဘုံ၌ဖြစ်သော **တဏှာ**, အဝိဇ္ဇာ, မာန စသော ကျန်ကိလေသာများ အားလုံး ချုပ်ငြိမ်း၏။

မှတ်ချက်။ ။ မဂ်စိတ်ဖြစ်သောခဏ၌ ရုပ်နာမ် ဖြစ်ပျက် ကင်းဆိတ်ရာ နိဗ္ဗာန်ကိုသာ တွေ့ရ၏။ သို့သော် မဂ်ဖိုလ် ရောက်ပြီး၍ ပြန်လည်ဆင်ခြင်သော **ပစ္စဝေက္ခဏာ ဝီထိကျသောအခါ** ထိုချုပ်ငြိမ်းသွားသော ကိလေသာများကို သိရ၏။

**သန္တိလက္ခဏံ နိဗ္ဗာနံ= နိဗ္ဗာန်သည် ငြိမ်းခြင်းလက္ခဏာရှိ၏။ (လက္ခဏ)**

ရုပ်နာမ်ဆင်းရဲတို့၏ ငြိမ်းခြင်း, ကိလေသာတို့၏ ငြိမ်းခြင်း, သင်္ခါရတို့၏ ငြိမ်းခြင်း, ဝဋ္ဋဒုက္ခတို့၏ ငြိမ်းခြင်း၊ ဤသည်တို့မှ ငြိမ်းခြင်းသဘောသည်ပင် နိဗ္ဗာန်၏ လက္ခဏာဖြစ်၏။ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသောခဏ၌ ဖြစ်ပျက်နေသည့် ရုပ်နာမ်အစဉ်အတန်းကြီး လုံးဝ ချုပ်ငြိမ်းသည့် နိဗ္ဗာန် အငြိမ်းဓာတ်ကို တွေ့ရ၏။

**အစ္စုတိ ရသံ= မရွေ့လျောခြင်း, မပြောင်းလဲခြင်းဟူသော ပြည့်စုံမှု ဂုဏ်သတ္တိရှိ၏။ (ရသ)**

နိဗ္ဗာန်၏ အငြိမ်းဓာတ်သဘောသည် ရွေ့လျောခြင်း, ပြောင်းလဲခြင်း, ပျက်စီးခြင်း သဘောမရှိ။ ပင်ကိုယ်ကပင် ဖြစ်လာတတ်သည့် သဘောမဟုတ်၍ ပျက်စီးခြင်းသဘောလည်း မရှိ။ ထိုအငြိမ်းဓာတ်သဘောသည် အစဉ်ထာဝရ တည်ရှိနေခြင်း ဖြစ်၏။

**အနိမိတ္တ ပစ္စုပဋ္ဌာနံ= နိမိတ် ပုံသဏ္ဍာန် ကင်းသောအားဖြင့် ယောဂီ၏ဉာဏ်၌ ထင်လာ၏။ (ပစ္စုပဋ္ဌာန်)**

နိဗ္ဗာန်၏ အငြိမ်းဓာတ်သည် နိမိတ်, ပုံသဏ္ဍာန်, အရောင်အဝါ, အတိုအရှည်, အကြီးအသေး, စသည် မရှိပေ။ ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋတို့ မရှိတော့သဖြင့် ဘဝသစ်ရုပ်နာမ်များ ချုပ်ငြိမ်းသွားခြင်းသာ ဖြစ်၏။

ဥပမာအားဖြင့်... လောင်စာကုန်၍ ငြိမ်းသွားသော မီးကို “ဘယ်ရောက်သွားသတုန်း?” “ငြိမ်းသွား တဲ့ မီးရဲ့ ပုံသဏ္ဍာန် ဘယ်လိုရှိလဲ?” “ရှည်လား? တိုလား?” “ကြီးလား? ငယ်လား”ဟု မေးလျှင် ဥပမာ ပြစရာ မရှိသကဲ့သို့ပင်တည်း။

**(ဆောင်) တဏှာချုပ်က၊ သက္ကာယ၊ ဒုက္ခ အငြိမ်းမှန်။**

**(၄) မဂ္ဂသစ္စာ အမေး**

**အရှင်မ ဓမ္မဒိန္နာ... “သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်၊ သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်”ဟု ပြောဆိုကြပါ၏။ အဘယ်တရားကို သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဟု မြတ်စွာဘုရား ဟောတော်မူပါသနည်း?**

**အဖြေ။ ။ဒါယကာ ဝိသာခ… ဤမြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကိုပင်လျှင် သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဟု မြတ်စွာဘုရား ဟောတော်မူ၏။ ဤမဂ်ဟူသည် အဘယ်နည်း? မှန်သောအယူ သမ္မာဒိဋ္ဌိ၊ မှန်သော အကြံအစည် သမ္မာသင်္ကပ္ပ၊ မှန်သောစကား သမ္မာဝါစာ၊ မှန်သော အလုပ် သမ္မာကမ္မန္တ၊ မှန်သော အသက်မွေးမှု သမ္မာအာဇီဝ၊ မှန်သော အားထုတ်မှု သမ္မာဝါယာမ၊ မှန်သော အောက်မေ့မှု သမ္မာ သတိ၊ မှန်သော တည်ကြည်မှု သမ္မာသမာဓိ တို့ပေတည်း။**

**နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်**

ဤမဂ္ဂသစ္စာ အကျင့်တရားသည် သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်တတ် ၏။ သက္ကာယချုပ်ခြင်းကို ပြီးစေသောအားဖြင့် ကျင့်သူကိုလဲ ရောက်စေတတ်၏။

**၁။ သမ္မာဒိဋ္ဌိမဂ္ဂင်**

သစ္စာလေးပါးကို သိသောဉာဏ်ကို သမ္မာဒိဋ္ဌိဟု ခေါ်သည်။

**သမ္မာဒိဋ္ဌိ ၆-မျိုး**

၁။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ= ကံသာလျှင် မိမိဥစ္စာရှိ၏ဟု သိသောအမြင်မှန်၊
(သဒ္ဓါမူလိကာ-ဟု အဋ္ဌကထာ ဖွင့်ဆိုထားသောကြောင့် သဒ္ဓါဖြင့် ယုံကြည်ပြီးသိတဲ့ ဉာဏ်ပညာပင်တည်း။)
၂။ ဈာနသမ္မာဒိဋ္ဌိ= ဈာန်သမာဓိနှင့် ယှဉ်တွဲဖြစ်သော အသိဉာဏ်၊
၃။ ဝိပဿနာ သမ္မာဒိဋ္ဌိ= ဝိပဿနာဉာဏ် (ရုပ်နာမ်၂-ပါး၊ ၎င်းတို့၏ ဖြစ်ပျက်၊ လက္ခဏာ၃-ပါးတို့ကို သိသောဉာဏ်)
၄။ မဂ္ဂသမ္မာဒိဋ္ဌိ= မဂ်နှင့်ယှဉ်သော အမြင်မှန်၊
၅။ ဖလသမ္မာဒိဋ္ဌိ= ဖိုလ်နှင့်ယှဉ်သော အမြင်မှန်၊

**၂။ သမ္မာသင်္ကပ္ပမဂ္ဂင် ၃-မျိုး**

၁။ နေက္ခမ္မသင်္ကပ္ပ= ကာမအာရုံ ဝတ္ထုတို့မှ ထွက်မြောက်လိုသော (**ကုသိုလ်စိတ်များဖြင့်**) ကြံစည်မှု၊

၂။ အဗျာပါဒသင်္ကပ္ပ= သတ္တဝါများ သေကျေပျက်စီးစေလိုသော ဒေါသ, ဗျာပါဒ၏ ဆန့်ကျင်ဘက်

(**မေတ္တာဖြင့်**)ကြံစည်မှု၊

၃။ အဝိဟိံသ သင်္ကပ္ပ= သတ္တဝါတို့ကို ညှဉ်းဆဲလိုသော ဝိဟိံသ၏ ဆန့်ကျင်ဘက်(**ကရုဏာဖြင့်**) ကြံစည်မှု၊

## ၃။ သမ္မာဝါစာမဂ္ဂင်

၁။ လိမ်ပြောခြင်းနှင့် ပြောသည့်အတိုင်း မလုပ်ခြင်း **မုသာဝါဒ**မှ ရှောင်ကြဉ်ပြီး၊ မှန်သောစကား၊ တည်တံ့သောစကား၊ ယုံကြည်ထိုက်သော စကားကို ပြောဆိုခြင်း၊

၂။ ကွဲပြားအောင် ဂုံးတိုက်ပြောခြင်း **ပိသုဏာဝါစာ**မှ ရှောင်ကြဉ်ပြီး၊ ညီညွတ်ခြင်းကို ဖြစ်စေတတ် သော စကား၊ စေ့စပ်ခြင်းကို ဖြစ်စေတတ်သော စကားကို ပြောဆိုခြင်း၊

၃။ ကြမ်းတမ်းစွာ ပြောဆိုခြင်း **ဖရုသဝါစာ**မှ ရှောင်ကြဉ်ပြီး၊ သူတပါး နားချမ်းသာမည့်စကား၊ ချစ် ဖွယ်သော စကား၊ ရင်ထဲ နှလုံးထဲသို့ ရောက်စေမည့် စကားမျိုးကို ပြောဆိုခြင်း၊

၄။ အကျိုးမဲ့သော စကားကို ပြောဆိုခြင်း **သမ္ဖပ္ပလာပ**မှ ရှောင်ကြဉ်ပြီး၊ အကျိုးရှိသောစကား၊ အချိန်နှင့် သင့်လျော်သောစကား၊ တရားနှင့် ယှဉ်သောစကားတို့ကို ပြောဆိုခြင်း၊

(ဝစီကံ ၄-ပါးမှ ရှောင်ကြဉ်ပြီး၊ **ဟုတ်မှန်-စေ့စပ်-နူးညံ့-ကျိုးရှိ** စကားမျိုးကို ပြောလျှင် သမ္မာဝါစာ မဂ္ဂင် ဖြစ်၏။)

## ၄။ သမ္မာကမ္မန္တမဂ္ဂင်

၁။ ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း၊

၂။ အဒိန္နာဒါနမှ ရှောင်ကြဉ်ခြင်း၊

၃။ ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်း၊

ဤကာယကံ သုံးပါးမှ ရှောင်ကြဉ်ခြင်းကို သမ္မာကမ္မန္တ-ဟု ခေါ်၏။

## ၅။ သမ္မာအာဇီဝမဂ္ဂင်

အထက်ပါ ကာယကံ သုံးပါး၊ ဝစီကံ လေးပါးကို ပြုလုပ်၍ အသက်မွေးခြင်းမှ ရှောင်ကြဉ်လျှင် သမ္မာအာဇီဝ ဖြစ်၏။

## သမ္မာအာဇီဝ မဖြစ်သော ရောင်းဝယ်ခြင်း ၅-မျိုး

၁။ လက်နက်ရောင်းဝယ်ခြင်း၊
၂။ လူရောင်းဝယ်ခြင်း၊
၃။ အသားငါး ရောင်းဝယ်ခြင်း၊
၄။ အရက်စသည့် မူးယစ်စေတတ်သော အရာများ ရောင်းဝယ်ခြင်း၊
၅။ အဆိပ်ရောင်းဝယ်ခြင်း၊

**ကုမ္ဘဇာတ်**။ ။သိကြားမင်းကြီး အရက်ရောင်းရာ၌ "အကြင်အရည်ကို သောက်သည်ရှိသော် ကိုယ်, နှုတ်, စိတ် တို့ဖြင့် ဒုစရိုက်ကို ကျင့်ကုန်၏။ ထို့ကြောင့် သေပြီးတော့လည်း ငရဲသွားကြရ၏။ ထိုအရည် တို့ဖြင့် ပြည့်နေသော ဤအိုးကို ဝယ်လိုက်ကြပါ၊ သောက်လိုက်ကြပါ"ဟူ၍ ဖြစ်သည်။

**ဒုစ္စရိတ ဝိပါကသုတ်။** ။ရဟန်းတို့... အရက်ကို ကာလရှည်ကြာ ကြိမ်ဖန်များစွာ သောက်သုံးအပ်သည် ရှိသော် ငရဲ, တိရစ္ဆာန်, ပြိတ္တာတို့၌ ဖြစ်စေနိုင်၏။ သုရာပါနအတွက် အပေါ့ဆုံးသော အကျိုးကား လူဖြစ်သောအခါ အရူးအနှမ်း ဖြစ်တတ်၏။

(ယော သဗ္ဗလဟုကော၊ သော သုရာမေရယပါနဿ ဝိပါကော မနုဿဘူတဿ ဥမ္မတ္တက–သံဝတ္တနိကော ဟောတိ။ အံ၊ အဋ္ဌကနိပါတ၊ ၇၈။)

## ၆။ သမ္မာဝါယာမ မဂ္ဂင်

သမ္မပ္ပဓာန် လေးပါး
၁။ မဖြစ်သေးသော အကုသိုလ်တရားများ မဖြစ်စေရန် အားထုတ်ခြင်း၊ (ပိတ်)
၂။ ဖြစ်ပြီးသော အကုသိုလ်တရားများကို ပယ်နိုင်အောင် အားထုတ်ခြင်း၊ (ပယ်)
၃။ မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်လာအောင် အားထုတ်ခြင်း၊ (ဖြစ်)
၄။ ဖြစ်ပြီးသော ကုသိုလ်တရားများကို တည်တံ့, တိုးပွား, ပြည့်စုံသွားအောင် အားထုတ်ခြင်း၊ (ပွား)

**(ဆောင်) မဖြစ်သေးပြန်၊ အကုသလံ၊ ပိတ်ရန် လုံ့လပြု။**
**ဖြစ်ပြီးခဲ့ပြန်၊ အကုသလံ၊ ပယ်ရန် လုံ့လပြု။**
**မဖြစ်သေးပြန်၊ ကုသလံ၊ ဖြစ်ရန် လုံ့လပြု။**

**ဖြစ်ပြီးခဲ့ပြန်၊ ကုသလံ၊ တိုးရန် လုံ့လပြု။**

## ၇။ သမ္မာသတိ မဂ္ဂင်

ကာယ, ဝေဒနာ, စိတ္တ, ဓမ္မဟူသော ဤလေးပါးသော တရားတို့၌ အစဉ်မပြတ် ရှုမှတ်မှု သတိသည် သမ္မာသတိ မဂ္ဂင်မည်၏။

## ၈။ သမ္မာသမာဓိ မဂ္ဂင်

စျာန်အင်္ဂါလေးပါးရှိသော သမာဓိ၊ (တနည်း) ဥပစာရ သမာဓိ, အပ္ပနာ သမာဓိ, ခဏိက သမာဓိ သုံးပါးသည် သမ္မာသမာဓိ မဂ္ဂင်မည်၏။

## မဂ္ဂင်ရှစ်ပါးကို သိက္ခာသုံးပါးဖြင့် တွဲပုံ

| ပညာမဂ္ဂင် ၂-ပါး | သီလမဂ္ဂင် ၃-ပါး | သမာဓိမဂ္ဂင် ၃-ပါး |
|---|---|---|
| သမ္မာဒိဋ္ဌိ | သမ္မာဝါစာ | သမ္မာဝါယာမ |
| သမ္မာသင်္ကပ္ပ | သမ္မာကမ္မန္တ | သမ္မာသတိ |
| | သမ္မာအာဇီဝ | သမ္မာသမာဓိ |

## သာသနာပျော်ကြောင်း တထစ်ချ မဆိုသာသေး...

ဤသို့ ဓမ္မဒိန္နာထေရီ၏ သစ္စာလေးပါး ဖြေကြားချက်ကို ကြားနာရသောအခါ ဓမ္မဒိန္နာသည် သာသနာတော်၌ ပျော်မွေ့ကြောင်းကို ဝိသာခသူဌေးကြီး သိသွား၏။ အဘယ့်ကြောင့်ဆိုသော် သာသနာတော်၌ မပျော်မွေ့သူဆိုလျှင် ဤမေးခွန်းမျိုးကို မဖြေဆိုနိုင်ပေ။ ထို့ကြောင့် သာသနာတော်၌ ပျော်မွေ့ပြီဟု သိရပေသည်။

သို့သော် သစ္စာလေးပါး တရားသည် သာသနာတော်၌ နေလလို ထင်ရှားနေ၏။ နေရာတိုင်း၌ မြတ်စွာဘုရားက ဟောနေ၏။ ဉာဏ်ကောင်းလျှင် လေ့လာမှတ်သား နည်းယူပြီး၍လည်း ဖြေနိုင်သေး၏။ ထို့ကြောင့် ဤမျှလောက် ဖြေကြားနိုင်ရုံဖြင့် သစ္စာလေးပါးကို ထိုးထွင်း၍ သိပြီဟု တထစ်ချ မဆိုနိုင်။ သစ္စာလေးပါး ခွဲခြားမေးတာကို ဖြေနိုင်မှ ဆုံးဖြတ်မည်ဟု ကြံစည်ကာ ဝိသာခသူဌေးကြီးက အောက်ပါ မေးခွန်းများကို ဆက်မေးပြန်၏။

## (၅) ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာ အမေး

**အရှင်မ ဓမ္မဒိန္နာ... ထိုစွဲလမ်းမှု ဥပါဒါန်သည်ပင် ထိုစွဲလမ်းဖွယ် ခန္ဓာငါးပါးတို့ပါလော? သို့မဟုတ် စွဲလမ်းမှု ဥပါဒါန်သည် စွဲလမ်းဖွယ် ခန္ဓာငါးပါးတို့မှ တခြားပါလော?**

(အဓိပ္ပါယ်။ ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာသည် အတူတူပါလော။ သို့မဟုတ် တခြားစီပါလော)

**အဖြေ။ ။ဒါယကာ ဝိသာခ... ထိုစွဲလမ်းမှု ဥပါဒါန်သည်ပင် ထိုစွဲလမ်းဖွယ် ခန္ဓာငါးပါးတို့ မဟုတ် ကုန်။ စွဲလမ်းမှု ဥပါဒါန်သည် စွဲလမ်းဖွယ်ခန္ဓာငါးပါးတို့မှ တခြားလည်း မဟုတ်ကုန်။ ဒါယကာ ဝိသာခ- စွဲလမ်းဖွယ် ခန္ဓာငါးပါးတို့၌ လိုချင်တပ်မက်မှု ဆန္ဒရာဂသည် ထိုစွဲလမ်းဖွယ် ခန္ဓာငါးပါးတို့၌ စွဲလမ်းမှု ဥပါဒါန် ဖြစ်၏။**

(အဓိပ္ပါယ်။ ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာသည် အတူတူလည်း မဟုတ်ပါ။ တခြားစီလည်း မဟုတ်ပါ။ စွဲလမ်းဖွယ် ခန္ဓာငါးပါးတို့၌ စွဲလမ်းတတ်သော ဆန္ဒရာဂ(တဏှာ)ကို ဥပါဒါန်ဟု ခေါ်၏။)

## သုတ္တန်နှင့် အဘိဓမ္မာ ညှိယူ

သုတ္တန်နည်းအရ ဆန္ဒရာဂ-ဟူသော တဏှာသည် ဥပါဒါန်တည်း။ အဘိဓမ္မာနည်းအရ ဒိဋ္ဌိသည်လည်း ဥပါဒါန်တည်း။ ဒိဋ္ဌိဖြစ်လျှင် တဏှာ,လောဘ အမြဲပါ၏။ တဏှာဖြစ်တိုင်းတော့ ဒိဋ္ဌိအမြဲ မပါပေ။ ထို့ကြောင့် အရာကျယ်သော ဆန္ဒရာဂ-ဟူသော တဏှာဥပါဒါန်ကို ဆိုလိုက်လျှင် အရာကျဉ်းသော ဒိဋ္ဌိ ဥပါဒါန်လည်း ပါပြီးဖြစ်တော့၏။

## ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာ

**တဏှာ**သည် သာယာလျက် စွဲလမ်း၏။ **ဒိဋ္ဌိ**သည် အထင်လွဲလျက် စွဲလမ်း၏။ ထို့ကြောင့် ဤ၂-ပါးကို စွဲလမ်းတတ်သော **ဥပါဒါန်**-ဟုခေါ်၏။

ထိုတဏှာနှင့် ဒိဋ္ဌိတို့သည် စွဲလမ်းနိုင်သော, အစွဲလမ်းခံရသော လောကီခန္ဓာများကို **ဥပါဒါနက္ခန္ဓာ**-ဟု ခေါ်၏။ လောကုတ္တရာ တရားများကိုကား အာရုံမပြုနိုင်, မစွဲလမ်းနိုင်၍ ဥပါဒါနက္ခန္ဓာ-ဟု မခေါ် နိုင်။

(မြွေသည် ဖားကို ဖမ်းထားသကဲ့သို့ မစွန့်လွှတ်နိုင်ပဲ လွန်လွန်ကဲကဲ အာရုံကို စွဲလမ်းတတ်သောကြောင့် ဤတဏှာနှင့် ဒိဋ္ဌိကို ဥပါဒါန်ဟု ခေါ်၏။ ဥပ+အာဒါန။ ဥပ=လွန်လွန်ကဲကဲ စွဲမြဲစွာ၊ အာဒါန=ယူခြင်း)

## ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ ၂-မျိုး

ခန္ဓာဟူသော အမည်တွင်း၌ ရထိုက်သမျှ လောကီ+လောကုတ္တရာ အားလုံးကို သိမ်းသွင်း၍ ခန္ဓာဖွဲ့ပြခြင်း ငှာ ပထမ **ခန္ဓာ**-ကို ဟောသည်။ (၄င်းတွင် စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး)

ယောဂီများအတွက် ဝိပဿနာရှုရန် လောကီတရားသက်သက် ခန္ဓာဖွဲ့ပြခြင်းဌာ ဒုတိယ **ဥပါဒါနက္ခန္ဓာ**-ကို ဟောသည်။ (၄င်းတွင် လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး)

| **ခန္ဓာ(လောကီ+လောကုတ်)** | **ဥပါဒါနက္ခန္ဓာ (လောကီသက်သက်)** | **ဥပါဒါန်** |
|---|---|---|
| ရူပက္ခန္ဓာ | ရူပ ဥပါဒါနက္ခန္ဓာ | ဆန္ဒရာဂ (တဏှာ) |
| ဝေဒနာက္ခန္ဓာ | ဝေဒနာ ဥပါဒါနက္ခန္ဓာ | |
| သညာက္ခန္ဓာ | သညာ ဥပါဒါနက္ခန္ဓာ | |
| သင်္ခါရက္ခန္ဓာ | သင်္ခါရ ဥပါဒါနက္ခန္ဓာ | |
| ဝိညာဏက္ခန္ဓာ | ဝိညာဏ ဥပါဒါနက္ခန္ဓာ | |

**ခန္ဓာဟူသည်။** ။ခန္ဓ-ဟူသည် 'အစု'ဟူသော အဓိပ္ပါယ်ရှိ၏။ ထို့ကြောင့် ရူပက္ခန္ဓာ-ရုပ်အစု၊ ဝေဒနာ–က္ခန္ဓာ- ဝေဒနာအစု စသည်ဖြင့် သိအပ်၏။ **အစု**-ဟု ဆိုသဖြင့် စပါးတွေ စုပုံနေသကဲ့သို့ ရုပ်တွေ, ဝေဒနာ တွေ စုပုံနေသည်ဟု မမှတ်လင့်။ အတိတ်ရုပ်၊ အနာဂတ်ရုပ်၊ ပစ္စုပ္ပန်ရုပ် ၃-မျိုးကို **ဉာဏ်ဖြင့် စုပေါင်းထား ခြင်းသာ** ဖြစ်သည်။ ထို ၃-မျိုး ပေါင်းစပ်ထားသော အစုကိုပင် "ရူပက္ခန္ဓာ=ရုပ်အစု"ဟု ခေါ်သည်။

ထို့အတူ အတွင်းရုပ်,အပြင်ရုပ်၊ ကြမ်းသော ရုပ်-နုသောရုပ်၊ ညံ့သောရုပ်-မြတ်သောရုပ်၊ ဝေးသော ရုပ်- နီးသောရုပ် တို့ကိုလည်း ဉာဏ်ဖြင့် စုပေါင်းထားခြင်းသာ ဖြစ်သည်။ ဝေဒနာစသည်ကိုလည်း ဤ အတိုင်း မှတ်အပ်၏။

## ၁၁-မျိုးကွဲမှ ခန္ဓာဖွဲ့နိုင်

မည်သည့်တရားမဆို အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟု ကာလသုံးပါးကွဲလျှင် ထိုသုံးမျိုးကို စုပေါင်း ၍ ခန္ဓာဖွဲ့ကောင်း၏။ အဇ္ဈတ္တ+ဗဟိဒ္ဓ(အတွင်း+အပြင်) ၂-မျိုးကွဲပြားလျှင်သော်၎င်း၊ ဩဠာရိက+သုခုမ (အကြမ်း+အနု) ၂-မျိုးကွဲလျှင်သော်၎င်း၊ ဟီန+ပဏီတ(ယုတ်ညံ့သော တရားကတစ်မျိုး + မွန်မြတ်သော တရားက တစ်မျိုး) ၂-မျိုးကွဲလျှင်သော်၎င်း၊ ဒူရေ+သန္တိကေ (အသိခက်၍ ဉာဏ်နှင့်ဝေးသော တရားက တစ်မျိုး+အသိလွယ်သဖြင့် ဉာဏ်နှင့် နီးသော တရားကတစ်မျိုး) ၂-မျိုးကွဲလျှင်သော်၎င်း ထို ၂-မျိုးတို့ကို ဉာဏ်ဖြင့်စုပေါင်း၍ ခန္ဓာဖွဲ့နိုင်၏။

## နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရ

နိဗ္ဗာန်ကား ကာလသုံးပါးမှ လွတ်၍ ကာလဝိမုတ်တည်း။ အဇ္ဈတ္တ-ဗဟိဒ္ဓဟု ၂-မျိုးမပြား၊ ခန္ဓာကိုယ်၏ အပြင်ဘက်မှာ တည်သောကြောင့် ဗဟိဒ္ဓတစ်မျိုးသာ ဖြစ်၏။ ဩဠာရိက-သုခုမဟု ၂-မျိုးမပြား၊ သိမ်မွေ့သော ကြောင့် သုခုမတစ်မျိုးသာ ရှိ၏။ ဟီန-ပဏီတဟု ၂-မျိုးမပြား၊ မြတ်သောကြောင့် ပဏီတ တစ်မျိုးသာဖြစ်၏။ ဒူရေ-သန္တိကေဟု ၂-မျိုးမပြား၊ အသိခက်သဖြင့် ဉာဏ်နှင့်ဝေးသောကြောင့် ဒူရေ တစ်မျိုးသာ ရ၏။ ထို့ကြောင့် နိဗ္ဗာန်ကို ခန္ဓာမဖွဲ့နိုင်။ "**ဗဟိဒ္ဓ, သုခုမ, ပဏီတ, ဒူရ**"ဟူသော လေးမျိုးကား အချင်းချင်း ကွဲပြားတော့သည် မဟုတ်၊ ဗဟိဒ္ဓနိဗ္ဗာန်သည်ပင် သုခုမလည်း မည်၏။ ပဏီတလည်း မည်၏။ ဒူရလည်း မည်၏။

(ဆောင်)**၁။ ကာလ သုံးရပ်၊ အဇ္ဈတ်-ဗဟိ၊ ဩဠာရိက, သုခုမနှင့်၊ ဟီန-ပဏီတေ၊ ဒူရေ-သန္တိက၊ ကွဲပြားမှ, ခန္ဓ ဖွဲ့ကောင်းသည်။**
**၂။ နိဗ္ဗာန်သည်ကား၊ နှစ်ပါး မကွဲ၊ မြဲ ဗဟိဒ္ဓ၊ သုခုမနှင့်၊ ပဏီတ ပေ၊ ဒူရေ တွက်မျှ၊ တဘက်ရ၊ ခန္ဓ ဝိမုတ်မည်။** (အခြေပြုသင်္ဂြိုဟ်၊၄၅၈-၉။)

**(၆) သက္ကာယဒိဋ္ဌိဖြစ်ပုံ အမေး**

**အရှင်မ ဓမ္မဒိန္နာ... သက္ကာယဒိဋ္ဌိသည် အဘယ်သို့ ဖြစ်ပါသနည်း**

**အဖြေ။ ။ဒါယကာ ဝိသာခ... ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့မရှိသော, အရိယာတရား၌ မကျွမ်း ကျင်သော, အရိယာတရား၌ မယဉ်ကျေးသော, သူတော်ကောင်းတို့ကို ဖူးမြင်လေ့မရှိသော, သူတော်ကောင်း တရား၌ မကျွမ်းကျင်သော, သူတော်ကောင်းတရား၌ မယဉ်ကျေးသော, အကြားအမြင် မရှိသော ပုထုဇဉ်သည် ရုပ်ကို 'အတ္တ'ဟု ရှု၏။ ရုပ်ရှိသော အတ္တ-ဟုငင်း၊ အတ္တ၌ ရုပ်-ဟုငင်း၊ ရုပ်၌ အတ္တ-ဟုငင်း ရှု၏။**

**(ခံစားမှု ဝေဒနာကို 'အတ္တ'ဟု ရှု၏။ မှတ်သားမှု သညာကို 'အတ္တ'ဟု ရှု၏။ ပြုပြင်စီရင်မှု သင်္ခါရကို 'အတ္တ'ဟု ရှု၏။ အထူးသိမှုကို 'အတ္တ'ဟု ရှု၏။) ဒါယကာ ဝိသာခ... ဤသို့လျှင် သက္ကာယဒိဋ္ဌိ ဖြစ်၏။**

**သုတ နှစ်မျိုး**

**အာဂမသုတ**နှင့် **အဓိဂမသုတ**-ဟု နှစ်မျိုးရှိ၏။ **အာဂမသုတ**-ဟူသည် ဘုရားဟောတရားတော်များကို လေ့လာသင်ယူ မှတ်သားဖူးခြင်းကို ခေါ်ဆိုပြီး "**အကြား**"ဟု အနက်ပြန်၏။ **အဓိဂမသုတ**-ဟူ

သည် ဝိပဿနာဉာဏ်, မဂ်ဉာဏ်ထူးကို ရသဖြင့် အမှန်ကိုသိမြင်ခြင်း ဖြစ်၍ “**အမြင်**”ဟု အနက်ပြန်၏။ ထို့ကြောင့် “**အကြား-အမြင်**”ဟု အနက်ပြန်၏။

**ပုထုဇဉ် နှစ်မျိုး**

**အန္ဓပုထုဇဉ်နှင့် ကလျာဏပုထုဇဉ်**ဟု နှစ်မျိုးရှိ၏။ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်,
သတိပဋ္ဌာန် စသည်များကို လေ့လာ မှတ်သား နာကြားဖူးခြင်း မရှိ။ ဝိပဿနာဉာဏ်များ မရဖူးလျှင် “အန္ဓ ပုထုဇဉ်- အကန်းပုထဇဉ်”ဟု ခေါ်၏။ ၎င်းတို့ကို လေ့လာသင်ကြားဖူးခြင်း၊ ရုပ်နာမ်,ကြောင်းကျိုး သဘော တရားများ သိရှိနားလည်ထားလျှင် ကလျာဏပုထုဇဉ်-ကောင်းမြတ်သော ပုထုဇဉ်”ဟု ခေါ်၏။

## သက္ကာယဒိဋ္ဌိ (၂၀)

**ရုပ်၌ သက္ကာယဒိဋ္ဌိ လေးပါး**

၁။ ရုပ်ကို အတ္တကောင်ဟု ထင်မှားခြင်း၊ (ရုပ်ကို အတ္တဟု ယူဆခြင်း)

(ဤရုပ်သည်ပင် ငါ(အတ္တ)တည်း၊ ငါ(အတ္တ)သည်ပင် ဤရုပ်တည်းဟု **ရုပ်နှင့်အတ္တကို တစ်ခုတည်းအဖြစ်** စွဲ၏။

ဥပမာ - မီးတောက်နှင့် မီးရောင်သည် ခွဲမရဘဲ တစ်ခုတည်း တည်နေသကဲ့သို့ပင်တည်း။)

၂။ အတ္တကောင်မှာ ရုပ်ရှိ၏ဟု ထင်မှားခြင်း၊ (နာမ်ကို အတ္တ)

(နာမ်ကို အတ္တဟု ယူဆပြီး ရုပ်ကို ထိုအတ္တနှင့် **ပူးတွဲပြီးဖြစ်နေသည့် အရှိန်အဝါ**ဟု ယူဆ၏။
ဥပမာ- သစ်ပင်ကိုမှီ၍ အရိပ်ဖြစ်သကဲ့သို့ပင်တည်း။)

၃။ အတ္တကောင်၌ ရုပ်တည်နေသည်ဟု ထင်မှားခြင်း။ (နာမ်ကို အတ္တ)

(နာမ်ကို အတ္တဟု ယူဆပြီး ရုပ်သည် **ထိုအတ္တကို မှီတည်နေရ၏**ဟု ယူဆခြင်း။
ဥပမာ- ပန်းပွင့်ထဲ၌ အနံ့တည်နေသကဲ့သို့ပင် တည်း။)

၄။ ရုပ်ကိုယ်ထဲ၌ အတ္တကောင် တည်နေသည်ဟု ထင်မှားခြင်း။ (နာမ်ကို အတ္တ)

(နာမ်ကို အတ္တဟု ယူဆပြီး **ထိုအတ္တသည် ရုပ်ကိုယ်ထဲ၌ တည်နေ၏**ဟု ဆို၏။
ဥပမာ - ကြုတ်ထဲ၌ ပတ္တမြား တည်နေသကဲ့သို့ပင်တည်း။)

**(ဆောင်) ရုပ်ကို အတ္တ၊ အတ္တမှာ ရုပ်ရှိ၊ အတ္တမှာ ရုပ်တည်၊ ရုပ်မှာ အတ္တတည်၊ ဤလေးလီ၊ မှတ်ပြီ ရုပ်သက္ကာ။**

## ရုပ်ကို အတ္တဟု ပထမစွဲပုံ ရှင်းချက်

ရုပ်ကိုယ်ကြီး တစ်ခုလုံးကိုလည်း အတ္တဟု ထင်မှားတာလဲ ရှိ၏။ မျက်စိအကြည်, နားအကြည်, နှာခေါင်းအကြည်, လျှာအကြည်, ကိုယ်အကြည် တို့ကို အတ္တဟု ထင်မှားတာလဲ ရှိ၏။ မြင်ရသော အဆင်းရုပ်၊ ကြားရသော အသံရုပ်၊ နံရသော အနံ့ရုပ်၊ စားရသော အရသာရုပ်၊ ထိရသော အတွေ့ရုပ် တို့ကို အတ္တဟု ထင်မှားသည်လဲ ရှိ၏။ ခြေ,လက်,အင်္ဂါ အစိတ်အပိုင်းများကို အတ္တဟု ထင်မှားသည်လဲ ရှိ၏။ ထိုအင်္ဂါအစိတ်များ စုပေါင်းထားသော တစ်ကိုယ်လုံးကို အတ္တဟု ထင်သည်လဲ ရှိ၏။

မိမိကိုယ်ထဲက အတွင်းအဇ္ဈတ္တ ရုပ်များကို အတ္တဟု အထင်မှားသလိုပင် အပြင်ဘက်က သူတပါး တို့၏ ကိုယ်ထဲမှ မြင်ရသော အဆင်းရုပ်, အသံရုပ်, တွေ့ထိရသောရုပ် စသည်တို့ကိုလဲ အတ္တဟု ထင်မှား တတ်၏။ သူတပါး၏ ရုပ်ခန္ဓာတစ်ခုလုံးကိုလည်း အတ္တကောင်, သတ္တဝါကောင်ဟု ထင်မှားတတ်၏။

ဓာတ်ကြီးလေးပါး၌ ကြမ်းတမ်း,နူးညံ့သည့် ပထဝီရုပ်ကိုလဲ အတ္တဟု ထင်မှားတတ်၏။ စိုထိုင်း ယိုစီး, ပူးတွဲသော အာပေါကိုလဲ အတ္တဟု ထင်မှားတတ်၏။ ပူနွေးအေး ဟူသော တေဇောဓာတ်ကိုလည်း အတ္တဟု ထင်မှားတတ်၏။ တောင့်တင်းလှုပ်ရှားသော ဝါယောရုပ်ကိုလဲ အတ္တဟု ထင်မှားတတ်၏။ ဤ ဓာတ်လေးပါးကို အစွဲပြု၍ မိမိကိုယ်ရုပ်၊ သူတပါးကိုယ်ရုပ်ကို အတ္တဟု ထင်မှားတတ်၏။

ဤသည်ကား ရုပ်ကို အတ္တဟု၊ (ဝါ) ရုပ်နှင့်အတ္တကို ထပ်တူယူဆကာ ထင်မှားပုံ အကျဉ်းတည်း။

## အတ္တမှာ ရုပ်ရှိသည်ဟု ဒုတိယစွဲပုံ

မြင်သိမှု, ကြားသိမှု, ကြံသိမှု စသည့် နာမ်တရားကို အတ္တဟု ယူဆပြီး, ရုပ်ကိုတော့ နာမ်အတ္တနဲ့ ပူးတွဲပြီး ဖြစ်နေသော အရှိန်အဝါဟု ထင်မှတ်ကြ၏။ ဥပမာအားဖြင့်- သစ်ပင်ကိုမှီ၍ အရိပ်ဖြစ်ရသလို နာမ်အတ္တကို မှီ၍ ရုပ်ကိုယ်ကြီး တည်ရှိနေသည်ဟု ယူဆခြင်းပင်တည်း။

## အတ္တ၌ ရုပ်တည်သည်ဟု တတိယစွဲပုံ

ဤသည်လည်း သိမ္မနာမ်တရားကို အတ္တဟု ယူဆပြီး, ရုပ်က ထိုအတ္တကို မှီ၍ တည်နေသည် ထင်မှတ်ခြင်းပင်။ ဥပမာအားဖြင့်- ပန်းပွင့်ထဲ၌ အနံ့တည်နေသကဲ့သို့ ပင်တည်း။

## ရုပ်ထဲ၌ အတ္တတည်သည်ဟု စတုတ္ထစွဲပုံ

ဤသည်လည်း သိမ္မနာမ်တရားကို အတ္တဟု ယူဆပြီး, ထိုအတ္တက ရုပ်ကိုယ်ထဲမှာ တည်နေသည်ဟု ထင်မှတ်ခြင်းပင်။ ဥပမာအားဖြင့်- ကြုတ်ထဲ၌ ပတ္တမြားတည်နေသကဲ့သို့ပင်တည်း။ ဤထင်မှားမှုမှာ ဗုဒ္ဓဘာသာဝင်များ၌ပင် ရှိတတ်၏။ သေသောအခါ အတ္တကောင်က ၎င်းကိုယ်ထဲမှ တခြားသို့ ထွက်သွားသည်ဟု ထင်တတ်ကြ၏။ ဘဝသစ် ဖြစ်သည့်အခါမှာလဲ ထိုအတ္တကောင်လေးက အမိဝမ်းသို့ဝင်ပြီး တည်နေသည်ဟု ထင်တတ်ကြ၏။ ဤသို့ ရုပ်ကိုယ်ကိုမှီ၍ စိတ်နာမ် အတ္တကောင် တည်နေသည်ဟု ထင်မှတ်နေခြင်းသည် သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ ပေတည်း။

## ဝေဒနာ၌ သက္ကာယဒိဋ္ဌိ လေးပါး

၁။ ဝေဒနာကို အတ္တဟု ထင်မှားခြင်း၊
၂။ အတ္တကောင်မှာ ဝေဒနာရှိ၏ဟု ထင်မှားခြင်း၊
၃။ အတ္တကောင်ကိုမှီ၍ ဝေဒနာဖြစ်၏ဟု ထင်မှားခြင်း၊
၄။ ဝေဒနာကိုမှီ၍ အတ္တကောင် တည်နေ၏ဟု ထင်မှားခြင်း၊

(မှတ်ချက်။ အမှတ် ၂,၃,၄ အရ သက္ကာယဖြစ်ပုံမှာ ဝေဒနာကို အတ္တဟု မထင်ပဲ, ဝေဒနာမှ တပါး ကျန်ရုပ်နာမ်တရားများကို အတ္တဟု ထင်၏။)

## သညာ၌ သက္ကာယဒိဋ္ဌိ လေးပါး

၁။ မှတ်သားမှုသညာကို အတ္တဟု ထင်မှားခြင်း၊
၂။ အတ္တကောင်မှာ သညာရှိ၏ဟု ထင်မှားခြင်း၊
၃။ အတ္တကောင်ကို မှီ၍ သညာဖြစ်၏ဟု ထင်မှားခြင်း၊
၄။ သညာကို မှီ၍ အတ္တက တည်နေ၏ဟု ထင်မှားခြင်း၊

(မှတ်ချက်။ အမှတ် ၂,၃,၄ အရ သက္ကာယဖြစ်ပုံမှာ သညာကို အတ္တဟု မထင်ပဲ, သညာမှ တပါး ကျန်ရုပ်နာမ်တရားများကို အတ္တဟု ထင်၏။)

**သင်္ခါရ၌ သက္ကာယဒိဋ္ဌိ လေးပါး**

၁။ ပြုလုပ်, ပြောဆို, ကြံစည်မှုဟူသော သင်္ခါရကို အတ္တဟု ထင်မှားခြင်း၊
၂။ အတ္တကောင်မှာ သင်္ခါရရှိ၏ဟု ထင်မှားခြင်း၊
၃။ အတ္တကောင်ကို မှီ၍ သင်္ခါရဖြစ်၏ဟု ထင်မှားခြင်း၊
၄။ သင်္ခါရကို မှီ၍ အတ္တကောင် တည်နေ၏ဟု ထင်မှားခြင်း၊

(မှတ်ချက်။ အမှတ် ၂,၃,၄ အရ သက္ကာယဖြစ်ပုံမှာ သင်္ခါရတွေကို အတ္တဟု မထင်ပဲ, သင်္ခါရမှ တပါး ကျန်သော ဝေဒနာ, သညာ, စိတ်နှင့် ရုပ်တရားများကို အတ္တဟု ထင်၏။)

**ဝိညာဏ်၌ သက္ကာယဒိဋ္ဌိ လေးပါး**

၁။ ဝိညာဏ်ကို အတ္တဟု ထင်မှားခြင်း၊
၂။ အတ္တကောင်မှာ ဝိညာဏ်ရှိ၏ဟု ထင်မှားခြင်း၊
၃။ အတ္တကောင်၌ မှီ၍ ဝိညာဏ်ဖြစ်၏ဟု ထင်မှားခြင်း၊
၄။ ဝိညာဏ်ကို မှီ၍ အတ္တကောင် တည်နေ၏ဟု ထင်မှားခြင်း၊

(မှတ်ချက်။ အမှတ် ၂,၃,၄ အရ သက္ကာယဖြစ်ပုံမှာ ဝိညာဏ်ကို အတ္တဟု မထင်ပဲ, ဝိညာဏ်မှ တပါး ရုပ်နှင့် စေတသိက် နာမ်တရားများကို အတ္တဟု ထင်၏။)

## တနည်း သက္ကာယဒိဋ္ဌိ (၂၀) မှတ်ဖွယ်

| | | |
|---|---|---|
| ၁။ | ရုပ်ကိုအတ္တဟု ထင်မှားခြင်း၊ | (ရုပ်) |
| | ဝေဒနာကို အတ္တဟု ထင်မှားခြင်း၊ | (နာမ်) |
| | သညာကို အတ္တဟု ထင်မှားခြင်း၊ | (နာမ်) |
| | သင်္ခါရကို အတ္တဟု ထင်မှားခြင်း၊ | (နာမ်) |
| | ဝိညာဏ်ကို အတ္တဟု ထင်မှားခြင်း၊ | (နာမ်) |
| ၂။ | အတ္တ၌ ရုပ်ရှိ၏ဟု ထင်မှားခြင်း၊ | (နာမ်) |
| | အတ္တ၌ ဝေဒနာရှိ၏ဟု ထင်မှားခြင်း၊ | (ရုပ်+နာမ်) |

အတ္တ၌ သညာရှိ၏ဟု ထင်မှားခြင်း၊ (ရုပ်+နာမ်)
အတ္တ၌ သင်္ခါရရှိ၏ဟု ထင်မှားခြင်း၊ (ရုပ်+နာမ်)
အတ္တ၌ ဝိညာဏ်ရှိ၏ဟု ထင်မှားခြင်း၊ (ရုပ်+နာမ်)

၃။ အတ္တ၌ ရုပ်တည်နေ၏ဟု ထင်မှားခြင်း၊ (နာမ်)
အတ္တ၌ ဝေဒနာတည်နေ၏ဟု ထင်မှားခြင်း၊ (ရုပ်+နာမ်)
အတ္တ၌ သညာတည်နေ၏ဟု ထင်မှားခြင်း၊ (ရုပ်+နာမ်)
အတ္တ၌ သင်္ခါရတည်နေ၏ဟု ထင်မှားခြင်း၊ (ရုပ်+နာမ်)
အတ္တ၌ ဝိညာဏ်တည်နေ၏ဟု ထင်မှားခြင်း၊ (ရုပ်+နာမ်)

၄။ ရုပ်၌ အတ္တတည်နေ၏ဟု ထင်မှားခြင်း၊ (နာမ်)
ဝေဒနာ၌ အတ္တတည်နေ၏ဟု ထင်မှားခြင်း၊ (ရုပ်+နာမ်)
သညာ၌ အတ္တတည်နေ၏ဟု ထင်မှားခြင်း၊ (ရုပ်+နာမ်)
သင်္ခါရ၌ အတ္တတည်နေ၏ဟု ထင်မှားခြင်း၊ (ရုပ်+နာမ်)
ဝိညာဏ်၌ အတ္တတည်နေ၏ဟု ထင်မှားခြင်း၊ (ရုပ်+နာမ်)

| | | |
|---|---|---|
| ၁ | ရုပ်သက်သက်ကို စွဲသောအတ္တ | ၁ |
| ၂ | နာမ်သက်သက်ကို စွဲသောအတ္တ | ၇ |
| ၃ | ရုပ်နာမ် နှစ်ပါးစုံ စွဲသောအတ္တ | ၁၂ |
| | အားလုံး သက္ကာယဒိဋ္ဌိပေါင်း | ၂၀ |

## သက္ကာယဒိဋ္ဌိဆိုင်ရာ အခြားမှတ်ဖွယ်

### ပညတ်ကိုလည်း အတ္တဟု ယူဆကြ

ဤရုပ်နာမ်တရားများမှ တပါးသော ကသိုဏ်းရုပ်ကဲ့သို့သော ပညတ်တရားကိုလည်း အတ္တဟု စွဲလမ်းသေးကြောင်း ဗြဟ္မဇာလသုတ် အဋ္ဌကထာ၌ ဖွင့်ပြထား၏။ အိန္ဒိယ ဘာသာဝါဒကျမ်းများ၌ကား

အတ္တကို ခန္ဓာငါးပါးမှ အလွတ်ဟု ပြောဆိုထားသည်လည်း ရှိသေး၏။ သစ္စကပုရိဗိုဇ်ကြီးကတော့ ခန္ဓာငါးပါးကို အတ္တ(အနှစ်သာရ, အမာခံ)ဟု စွဲလမ်းခဲ့၏။

**သက္ကာယဒိဋ္ဌိ-ဟူသည်**

ထင်ရှားရှိသော ရုပ်နာမ်အပေါင်းကို "ငါ" "သူတပါး" "ယောက်ျား" "မိန်းမ" "ပုဂ္ဂိုလ်" သတ္တဝါ" "အတ္တ" "ဇီဝ" "လိပ်ပြာ" "ဝိညာဉ်ကောင်"ဟု ထင်မှားစွဲလမ်းခြင်းကို ခေါ်၏။

**အတ္တဟူသည်-**

သတ္တဝါတို့၏ ခန္ဓာကိုယ်ကိုယ်ငင်း, တလောကလုံးကိုငင်း အစိုးရလျက် မပျက်မစီး အမြဲတည်နေသော အနှစ်သာရ အမာခံ သဘောတရားဟု တိတ္ထိတို့ ကြံဆအပ်သော အတ္တကို ဆိုလိုသည်။ ဤအတ္တ (အတ္တာန်) ဟူသည် ဗြဟ္မဏအယူ၌ တွေ့ရသော ဝေါဟာရ အခေါ်အဝေါ် တမျိုးဖြစ်သည်။

ဤ"အတ္တ"ကိုပင် အစွဲပြု၍ "အသက်, လိပ်ပြာ, ဝိညာဉ်ကောင်, ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောက်ျား, မိန်းမ, ကာရက, ဝေဒက, သာမီ, နိဝါသီ, သယံဝသီ" စသော မှားယွင်းသော စွဲယူမှုများ ဖြစ်လာကြသည်။ ဤအတ္တ၏ အစွမ်းဖြင့် ရုပ်စသော ခန္ဓာ ၅-ပါး၌ "ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ" စသည်ဖြင့် သက္ကာယဒိဋ္ဌိ ၂၀-တို့ စွဲလမ်းမှု ဖြစ်ပေါ်လာကြ၏။

(တိပိဋက ပါဠိမြန်မာ အဘိဓာန်၊ တွဲ-၁၊ နှာ-၄၃၆-၇။)

**အတ္တ ၂-မျိုး**

၁။ **ပရမအတ္တ** = မဟာဗြဟ္မာကြီးသည် ကမ္ဘာလောကကြီးကို ဖန်ဆင်းနိုင်ပြီး မပျက်စီးနိုင်ဘဲ အမြဲထာဝရ

တည်သော အတ္တတော်ကြီး။

၂။ **ဇီဝအတ္တ** = ထိုပရမအတ္တကြီး၏ ကိုယ်ပွားအစိတ်အပိုင်း အတ္တလေးများ။ ထိုဇီဝအတ္တကို ခန္ဓာကိုယ်၌

သာ မဟုတ်ဘဲ ပြင်ပဖြစ်သော သစ်ပင်, ရေ, မြေ, တော, တောင်တို့မှာပင် ရှိ၏ဟု စွဲလမ်းကြ၏။

**အတ္တ ၆-မျိုး**

၁။ သယံဝသီအတ္တ = မိမိအလိုအတိုင်း ဖြစ်စေနိုင်သော အတ္တ၊

(အတ္တ၏အလိုအတိုင်း သတ္တဝါက လုပ်ပေးရ)

၂။ နိဝါသီအတ္တ = သတ္တဝါတို့၏ သန္တာန်၌ မပျက်စီးပဲ အမြဲတည်နေသည်ဟူသော အတ္တ၊
၃။ သာမီအတ္တ = သတ္တဝါ၏ ပိုင်ရှင်အတ္တ၊
၄။ အဓိဋ္ဌာယက အတ္တ = ဒွါရခြောက်ပါးကို လိုသလို စီမံပြီး ခိုင်းတတ်သော အတ္တ၊
၅။ ကာရကအတ္တ = သတ္တဝါ၏သန္တာန်၌ အရာရာကို ပြုလုပ်ပေးတတ်သော အတ္တ၊
၆။ ဝေဒကအတ္တ = ခံစားတတ်သော အတ္တ၊

(ဆောင်) သယံဝသီ၊ နိဝါသီ၊ သာမီ, အဓိဋ္ဌာယက။
ကာရကနှင့်၊ ဝေဒ ဆင့်၊ စွဲလင့် ခြောက်အတ္တ။ (ချမ်းမြေ့ဆရာတော်)

## အနတ္တအဓိပ္ပါယ် ၅-ချက်

၁။ အဝသဝတ္တနဋ္ဌေန အနတ္တာ= မိမိအလိုသို့ မလိုက်သောကြောင့် အနတ္တ။
၂။ အသာမိကဋ္ဌေန အနတ္တာ= 'ငါ့ခန္ဓာ'ဟု ဆိုနေစဉ်မှာပင် ခန္ဓာငါးပါးတို့က ပျက်သွားလေပြီဖြစ်၍
ပိုင်ရှင်မရှိသောကြောင့် အနတ္တ။
၃။ သုညတဋ္ဌေန အနတ္တာ = ခန္ဓာငါးပါးကို ကံ,စိတ်,ဥတု,အာဟာရမှတပါး အခြားပြုလုပ်
ဖန်ဆင်းသူဟူ၍
မရှိသောကြောင့် အနတ္တ။
၄။ အတ္တပဋိက္ခေပဋ္ဌေန အနတ္တာ = ဤခန္ဓာ၌ အတ္တ,လိပ်ပြာ သဘော မရှိရကား ထိုအတ္တကို
ပယ်ရှားသလို
ဖြစ်နေသောကြောင့် အနတ္တ။
၅။ အသာရကဋ္ဌေန အနတ္တာ = အတွင်း၌ အတ္တဟူသော အခိုင်အမာ အနှစ်သာရအားဖြင့်
မရှိသောကြောင့်
အနတ္တ။

## အနတ္တ-ဟူသည်

န+အတ္တာ- အနတ္တာ။ (အတ္တာ-အတ္တသည်၊ န-မဟုတ်၊ အနတ္တာ-အတ္တမဟုတ်။) ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဟူသည် ခန္ဓာငါးပါးတို့သည် အထက်ပါ ပြခဲ့သော အတ္တမျိုးမဟုတ်သဖြင့် အနတ္တတရား များတည်း။ တနည်း- ခန္ဓာငါးပါးတို့၌ အတ္တမရှိသောကြောင့် အနတ္တ-မည်၏။ ထို့ကြောင့် ခန္ဓာငါးပါးလုံး အနတ္တပင်တည်း။

ရုပ်နာမ်ခန္ဓာမှတပါး နိဗ္ဗာန်,ပညတ် တရားတို့၌လည်း ထိုအတ္တမျိုး မရှိ။ သို့ဖြစ်၍ သင်္ခတ, အသင်္ခတ တရားဟူသမျှ အနတ္တချည်းတည်း။ အနိစ္စ,ဒုက္ခ ဟူရာ၌ သင်္ခါရ(သင်္ခတ)တရားသာ ရ၏။ အနတ္တ-ဟူရာ၌ကား **သင်္ခါရ(သင်္ခတ)**နှင့် **အသင်္ခတ**ဖြစ်သော နိဗ္ဗာန်,ပညတ် တရားများပါ ရ၏။ ထို့ကြောင့် "**သဗ္ဗေ သင်္ခါရာ အနိစ္စာ, ဒုက္ခာ**" ဟု အနိစ္စ, ဒုက္ခအတွက် သင်္ခါရဟု ဟောတော်မူပြီးလျှင် အနတ္တအတွက် ကား "**သဗ္ဗေ ဓမ္မာ အနတ္တာ**"ဟု ဓမ္မအားလုံးကို သိမ်းကျုံး၍ ဟောတော်မူသည်။

(သင်္ဂြိုဟ် ဘာသာဋီကာ၊ နှာ-၆၈၂)

| | |
|---|---|
| **ရုပ်နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါး (စိတ်,စေတသိက်,ရုပ်)** တို့သည် အကြောင်းတရားများက ပြုပြင်စီရင် ထားအပ်သော **သင်္ခတတရား**များ ဖြစ်သောကြောင့်- | **အနိစ္စ, ဒုက္ခ** |
| **ရုပ်နာမ်၂ပါး, ခန္ဓာ ၅-ပါး, နိဗ္ဗာန်, ပညတ်** ဟူသော **သင်္ခတ, အသင်္ခတတရား** အားလုံး တို့သည် အတ္တမဟုတ်ကြသောကြောင့်- | **အနတ္တ** |

**(၇) သက္ကာယဒိဋ္ဌိ ကင်းပုံ အမေး**

**အရှင်မ ဓမ္မဒိန္နာ… အဘယ်သို့လျှင် သက္ကာယဒိဋ္ဌိ မဖြစ်ပါသနည်း?**

**အဖြေ။ ။ဒါယကာ ဝိသာခ… ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့ရှိသော, အရိယာတရား၌ ကျွမ်းကျင်သော, အရိယာတရား၌ ယဉ်ကျေးသော, သူတော်ကောင်းတို့ကို ဖူးမြင်လေ့ရှိသော, သူတော် ကောင်း တရား၌ ကျွမ်းကျင်သော, သူတော်ကောင်းတရား၌ ယဉ်ကျေးသော, အကြားအမြင် ရှိသော မြတ်စွာဘုရား၏ တပည့်သာဝကသည် ရုပ်ကို 'အတ္တ'ဟု မရှု။ ရုပ်ရှိသော အတ္တဟု မရှု၊ အတ္တ၌ ရုပ်ဟု မရှု၊ ရုပ်၌ အတ္တဟု မရှု။**

**ခံစားမှုဝေဒနာကို အတ္တဟု မရှု၊ မှတ်သားမှုသညာကို အတ္တဟု မရှု၊ ပြုပြင်စီရင်မှု သင်္ခါရကို အတ္တဟု မရှု၊ အထူးသိမှု ဝိညာဏ်ကို အတ္တဟု မရှု။ ဒါယကာ ဝိသာခ… ဤသို့လျှင် သက္ကာယဒိဋ္ဌိ မဖြစ်။**

**အရိယာနံ ဒဿာဝီ= အရိယာတို့ကို ဖူးမြင်လေ့ရှိခြင်း**

ဤနေရာရ "ဖူးမြင်"ဟူသည် ဉာဏ်မျက်စိဖြင့် မြင်ခြင်းကိုသာ ဆို၏။ ပကတိမျက်စိဖြင့် မြင်ခြင်း ကို မဆိုလိုပေ။ ဤ၌လည်း မိမိကိုယ်တိုင်က အရိယာဖြစ်နေမှ အရိယာကို သိနိုင်မည်။

ဥပမာ... စိတ္တလတောင်ခြေ၌ နေသော တောထွက်ရဟန်းကြီးသည် ရဟန္တာနှင့် အတူနေရသော်လည်း ရဟန္တာမှန်း မသိခဲ့။ (မူဋ္ဌ၊၁၊ ၂၃)။ ဥပကတက္ကတွန်းကြီးသည် ဘုရားနှင့် လမ်းမှာတွေ့သော်လည်း ဘုရားမှန်း မသိခဲ့။ (ဝိ၊၃၊ ၁၁။) ထို့ကြောင့် ဝက္ကလိ သုတ္တန်၌ "ချစ်သား ဝက္ကလိ- တရားကို မြင်သောသူသည် ငါဘုရားကို မြင်၏"ဟု မိန့်တော်မူ၏။ (သံ၊၂၊၉၈။)

## အရိယဓမ္မဿ ကောဝိဒေါ= အရိယာတရား၌ ကျွမ်းကျင်ခြင်း

ဤ၌ သူတော်ကောင်းတရားဟူသည်- သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရား ၃၇-ပါးပင်တည်း။ ကုသိုလ်တရားများကို ပွားများအားထုတ်နေလျှင် ထိုဗောဓိပက္ခိယတရားများသည် ဆက်နွယ်၍ ပါဝင်နေ ၏။ (သို့သော် ထိုတရားများ နှုတ်တက်ရနေရုံမျှဖြင့် ကျွမ်းကျင်သည်ဟုကား မဆိုလို။ အဝါးဝစွာ အားထုတ်ထားမှသာ ထိုတရား၌ အကျွမ်းတဝင်ရှိပြီး နားလည်သဘောပေါက်နေခြင်းကို ဆိုလိုသည်။)

## အရိယဓမ္မေ သုဝိနီတော= အရိယာဖြစ်ကြောင်းတရား၌ ဆုံးမပြီးသော

ဤ၌ ယဉ်ကျေးအောင် ဆုံးမတတ်သည့် သူတော်ကောင်းတရားဟူသည်- သံဝရတရား ၅-ပါးနှင့် ပဟာန် ၅-ပါးကို ဆိုလိုသည်။

## သံဝရဝိနယ= အကုသိုလ်ကို တားဆီးပယ်ဖျောက်ခြင်း ၅-ပါး

၁။ သီလသံဝရ = သီလဖြင့် ပိတ်ဆို့တားဆီးခြင်း၊
၂။ သတိသံဝရ = သတိဖြင့် ပိတ်ဆို့တားဆီးခြင်း၊
၃။ ဉာဏသံဝရ = ဉာဏ်ဖြင့် ပိတ်ဆို့တားဆီးခြင်း၊
၄။ ခန္တီသံဝရ = ခန္တီဖြင့် ပိတ်ဆို့တားဆီးခြင်း၊
၅။ ဝီရိယသံဝရ = ဝီရိယဖြင့် ပိတ်ဆို့တားဆီးခြင်း၊ (ပဏ်၊ ဋ္ဌ၊ ၁၊ ၂၃-၂၄။)
**(ဆောင်) သီလ, သတိ၊ ဉာဏ်, ခန္တီ၊ ဝီရိ, သံ- ငါးဖြာ။**

## ပယ်ခွါခြင်း = ပဟာန် ၅-ပါး

၁။ တဒင်္ဂ ပဟာန် = မြင်ဆဲ ကြားဆဲ စသည့်အခိုက်၌ ရှုမှတ်လိုက်သဖြင့် အနိစ္စစသည် သိရသော အာရုံမှာ နိစ္စစသော ထင်မှတ်မှုကို ဉာဏ်ဖြင့် ပယ်လိုက်ခြင်း။
၂။ ဝိက္ခမ္ဘန ပဟာန် = မဟဂ္ဂုတ်ကုသိုလ်ဖြင့် ကိလေသာများကို အတော်ကြာအောင် ပယ်ခွါထားခြင်း။

၃။ သမုစ္ဆေဒ ပဟာန် = မဂ်လေးပါးဖြင့် သက်ဆိုင်ရာ ကိလေသာများကို အမြစ်ပြတ်ပယ်ခြင်း။
၄။ ပဋိပဿဒ္ဓိ ပဟာန် = ဖိုလ်လေးပါးဖြင့် ကိလေသာများကို တဖန် ငြိမ်းစေခြင်း။
၅။ နိဿရဏ ပဟာန် = နိဗ္ဗာနဓာတ်ဖြင့် အလုံးစုံသော ကိလေသာမှ လွတ်မြောက်ခြင်း။

(ပဏ္ဏ၊ ဋ္ဌ၊ ၁၊ ၂၄-၂၅။)

**(ဆောင်) တဒင်, ဝိက္ခမ်၊ သမုစ္ဆေဒ်၊ တဖန် ငြိမ်းတာ, ထွက်မြောက်ပါ။**

(မှတ်ချက်။ **။တဒင်္ဂပဟာန်**-ဟူသည် ဝိပဿနာ ဉာဏ်တစ်စိတ် တစ်ပိုင်းဖြင့် အာရမ္မဏာနုသယ ခေါ် ကိလေသာ တစ်စိတ်တစ်ပိုင်း ပယ်ခြင်းကို ခေါ်သည်။

**(၈) အရိယာမဂ် အမေး**

**အရှင်မ ဓမ္မဒိန္နာ... မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဟူသည် အဘယ်နည်း?**

**အဖြေ။ ။ဒါယကာ ဝိသာခ... ဤသည်ပင်လျှင် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်တည်း။ အဘယ်ရှစ်ပါး တို့နည်း ဟူမူ... သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ,သမ္မာသမာဓိ တို့ပေတည်း။**

မှတ်ချက်။ ။ ဤနေရာ၌ ဝိသာခသူဌေးသည် အောက်၌ မဂ်ကို ကျင့်စဉ်အဖြစ် မေးခဲ့ပြီးဖြစ်၏။ ဤနေရာ၌ကား မဂ်ကို သင်္ခတ-အသင်္ခတ အားဖြင့်၎င်း၊ လောကီ-လောကုတ္တရာ အားဖြင့်၎င်း၊ သင်္ဂဟိတ-အသင်္ဂဟိတအားဖြင့်၎င်း မေးမြန်းလို၍ နောက်ထပ်မေးခွန်းများကို ဆက်၍ မေးလာ၏။ ဓမ္မဒိန္နာထေရီမ ကလည်း သူ့အလိုကို သိလျက် ထက်မြက် သွက်လက်စွာ ဖြေကြားလိုက်၏။

**(၉) သင်္ခတ, အသင်္ခတ အမေး**

**အရှင်မ ဓမ္မဒိန္နာ... မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်သည် အကြောင်းတရားတို့သည် ပြုပြင်အပ် စီရင်အပ်သည့် သင်္ခတ တရားပါလော? သို့မဟုတ် အကြောင်းတရားများက မပြုပြင်အပ်သည့် အသင်္ခတ တရားပါလော?**

**အဖြေ။ ။ဒါယကာ ဝိသာခ... မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်သည် အကြောင်းတရားတို့သည် ပြုပြင် စီရင်အပ်သော သင်္ခတ တရားပေတည်း။**

**မဂ်သည် သင်္ခတ တရား**

မဂ်စိတ်ဖြစ်ရန် ရှေး၌ ဝိပဿနာ အားထုတ်မှုများ လုပ်ရ၏။ "**အနုလောမံ ဂေါတြဘုဿ၊ ဂေါတြဘူ မဂ္ဂဿ၊ မဂ္ဂေါ ဖလဿ** = အနုလောမဉာဏ်သည် ဂေါတြဘုဉာဏ်အား ကျေးဇူးပြု၏။ ဂေါတြဘူဉာဏ်သည် မဂ်ဉာဏ်အား ကျေးဇူးပြု၏။ မဂ်ဉာဏ်သည် ဖိုလ်အား ကျေးဇူးပြု၏" ဟု ပဋ္ဌာန်း ပါဠိတော်၌ ဆိုထားသောကြောင့် မဂ်သည် ဆိုင်ရာအကြောင်း တရားများကြောင့် ဖြစ်ပေါ်လာရကား သင်္ခတ တရားအစစ် ဖြစ်၏။ ၎င်းအပြင် တည်ရာမှီရာ ရုပ်နှင့် ယှဉ်ဖက်တရားများကြောင့် ဖြစ်ရ၍လည်း သင်္ခတရားသာ ဖြစ်၏။

**မဂ္ဂဝီထိကျဲပုံ**

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| န | ဒ | မ | ပ | ဥ | နု ☜ | ဂေါ ☜ | မဂ် ☜ | ဖိုလ် | ဖိုလ် |

မှတ်ချက်။ ။အရိယာမဂ်သည် ရုပ်နာမ်ချုပ်ငြိမ်းသည့် အသင်္ခတဖြစ်သော နိဗ္ဗာန်သို့ အာရုံပြု၏။ ၎င်း နောက် သောတာပတ္တိမဂ်သို့ ရောက်သူကို ဂတိနှင့်ဉာဏ်မြဲသောကြောင့် "သမ္မတ္တနိယာမ"ဟုလည်း ခေါ်၏။ ထို့ကြောင့် မဂ်စိတ်ကို နိဗ္ဗာန်ကဲ့သို့ပင် အသင်္ခတဟု ထင်မှားတတ်၏။ မဂ်စိတ်သည် အကြောင်း တရားများ ပြုပြင်အပ်သောကြောင့် သင်္ခတသာတည်း။ ၎င်းပြင် ဥပါဒ်, ဌီ, ဘင် ဟူသော ခဏငယ်သုံးချက် ပြီးလျှင် ချုပ်သွားသောကြောင့် သင်္ခတသာ ဖြစ်၏။

**(၁၀) သင်္ဂဟိတခေါ် သိမ်းယူအပ်ပုံ အမေး**

**အရှင်မ ဓမ္မဒိန္နာ... မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဖြင့် ခန္ဓာသုံးပါးတို့ကို သိမ်းယူအပ်ပါ သလော? သို့မဟုတ် ခန္ဓာသုံးပါးတို့ဖြင့် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို သိမ်းယူအပ်ပါသလော?**

အဓိပ္ပါယ်။ အရိယာမဂ်ဖြင့် သီလက္ခန္ဓ, သမာဓိက္ခန္ဓ, ပညာက္ခန္ဓဟူသော ခန္ဓာသုံးပါးကို အတွင်း သွင်းပြီး ယူရပါသလော? သို့မဟုတ် ခန္ဓာသုံးပါးတို့ဖြင့် အရိယာမဂ်ကို အတွင်းသွင်းပြီး ယူရပါသလော-ဟု မေးခြင်း ဖြစ်၏။

**အဖြေ။ ။ဒါယကာ ဝိသာခ... မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဖြင့် ခန္ဓာသုံးပါးတို့ကို မသိမ်းယူရ။ ခန္ဓာသုံးပါးတို့ဖြင့်သာ အင်္ဂါရှစ်ပါးရှိသော မဂ်ကို သိမ်းယူရ၏။ ဒါယကာ ဝိသာခ...**

**သမ္မာဝါစာ, သမ္မာ–ကမ္မန္တ, သမ္မာအာဇီဝ တို့ကို သီလအစု”သီလက္ခန္ဓ”၌ သိမ်းယူရ၏။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာ–သမာဓိတို့ကို သမာဓိအစု “သမာဓိက္ခန္ဓ”၌ သိမ်းယူရ၏။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပတို့ကို သိမှုအစု “ပညာက္ခန္ဓ” ၌ သိမ်းယူရ၏။**

အဓိပ္ပါယ်။ ဤ၌ မဂ္ဂင်ရှစ်ပါးဟူသည် လောကုတ္တရာမဂ်ကိုသာ ဆိုလိုပေသည်။ သီလအုပ်စု၊ သမာဓိအုပ်စု၊ ပညာအုပ်စု၌ကား လောကုတ္တရာသာ မက လောကီလည်း ပါနေ၏။ သီလ, သမာဓိ, ပညာ တို့၏ နယ်ပယ်က ကျယ်ပြီး၊ မဂ္ဂင်ရှစ်ပါးနယ်က ကျဉ်းနေ၏။ ထို့ကြောင့် မဂ္ဂင်ရှစ်ပါးထဲသို့ သိက္ခာသုံးပါး ကို မသွင်းယူနိုင်။ သိက္ခာသုံးပါးထဲသို့သာ မဂ္ဂင်ရှစ်ပါးကို သွင်းယူနိုင်ပေသည်။

ဥပမာ... မြို့နှင့်တိုင်းပြည် နှစ်ခုတွင် မြို့က အရာကျဉ်း၍ တိုင်းပြည်က အရာကျယ်၏။ မြို့ထဲသို့ တိုင်းပြည်ကို သွင်း၍ မယူနိုင်။ တိုင်းပြည်ထဲသို့သာ မြို့ကို သွင်းယူနိုင်၏။

**လောကီနှင့် လောကုတ္တရာ သီလမဂ္ဂင် သုံးပါး**

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ- ဤသီလမဂ္ဂင်သုံးပါးသည် နှုတ်ဖြင့် ရှောင်ကြဉ်ရန်၊ ကိုယ် ဖြင့် ရှောင်ကြဉ်ရန်၊ အသက်မွေးမှုဆိုင်ရာ ရှောင်ကြဉ်ရန် အခွင့်ကြုံလာသည့် အခိုက်တွင်သာ ရှောင်ကြဉ် ကြ၍ “ဝိရတီ”ဟု ခေါ်၏။

လောကုတ္တရာသို့ ရောက်သောအခါ၌ကား အရိယာမဂ်ဖြင့် အကြွင်းမဲ့ ပယ်ထုတ်လိုက်သော ကြောင့် ဝစီဒုစရိုက် ပြုလိုသောစိတ်၊ ကာယဒုစရိုက် ပြုလိုသောစိတ်၊ မိစ္ဆာအာဇီဝဖြင့် အသက်မွေးလို သောစိတ် လုံးဝ မရှိတောပေ။ ထိုသို့ အစဉ်ထာဝရ သဘာဝအားဖြင့် သီလစင်ကြယ်နေသောကြောင့် လောကုတ္တရာမဂ်တွင် မဂ္ဂင်သုံးပါး အမြဲယှဉ်နိုင်၏။ လောကီအခိုက်၌ကား ရှောင်ခိုက်တွင်သာ ယှဉ်နိုင်၏။

**သမာဓိမဂ္ဂင်သုံးပါး ပူးပေါင်းဆောင်ရွက်ပုံ**

သမ္မာသမာဓိသည် အာရုံသို့ရောက်အောင် တည်ကြည်မှုယူရာ၌ သူ့ချည်း မယူနိုင်။ အာရုံယူနိုင် ရန် သမ္မာဝါယာမသည် ထောက်ပံ့ပေးရ၏။ သမ္မာသတိသည် အာရုံထဲသို့ နှစ်ဝင်သွားအောင် ထိန်းသိမ်း စောင့်ရှောက်ပေးရ၏။ သို့မှသာ သမ္မာသမာဓိက တစ်ခုတည်းသော အာရုံပေါ်၌ စူးစိုက်ထားနိုင်၏။

ဥပမာ... လူသုံးယောက် ပန်းခူးရာ၌ မမှီသဖြင့် တစ်ယောက် ကုန်းပေး၊ တစ်ယောက်က ကျောပေါ်တက်၊ နောက်တစ်ယောက်က ဘေးကငြိမ်အောင် ထိန်းပေးရသကဲ့သို့ ပင်တည်း။ အာရုံသည် ပန်းနှင့် တူ၏။ သမာဓိသည် ပန်းခူးသမားနှင့် တူ၏။ ဝီရိယသည် ကျောကုန်းကာ ပံ့ပိုးပေးထားသူနှင့် တူ၏။ သတိသည် ဘေးကနေ၍ ပန်းခူးသူကို လဲကျမသွားအောင် ကိုင်ပေးထားသူနှင့် တူ၏။

(မူ-ပဏ်၊ ၄၊ ၂၊ ၂၆၁။)

**ပညာမဂ္ဂင် နှစ်ပါး ပူးပေါင်းဆောင်ရွက်ပုံ**

သမ္မာဒိဋ္ဌိသည် အာရုံကို မိမိသဘာဝအတိုင်း အနိစ္စ,ဒုက္ခ,အနတ္တဟု အဆုံးဖြတ်နိုင်၊ သမ္မာသင်္ကပ္ပက အာရုံကို မိမိထံသို့ ပို့ဆောင်ပေးလာမှ သာလျှင် သေချာစစ်ဆေး၍ မှန်ကန်စွာ ဆုံးဖြတ်နိုင်သည်။

ဥပမာ... ကျောက်သွေးသမားသည် ကျောက်ကို စစ်ဆေးရာ၌ မျက်လုံးက ကောင်း-မကောင်းကို စစ်ဆေးပေး၏။ လက်ချောင်းများက သူကြည့်ချင်သည့် ဘက်သို့ လှည့်ပေးရ၏။ ထို့အတူ ပညာက စစ်ဆေး၏။ ဝိတက်က အာရုံကို ပို့ပေးရ၏။ (မူ-ပဏ်၊ ၄၊ ၂၊ ၂၆၁။)

**(၁၀) သမာဓိနှင့် သမာဓိနိမိတ်စသည် အမေး**

**အရှင်မ ဓမ္မဒိန္နာ... အဘယ်တရားသည် တည်ကြည်မှု "သမာဓိ"ပါနည်း? အဘယ်တရားတို့သည် တည်ကြည်မှုဖြစ်ကြောင်း "သမာဓိနိမိတ်"တို့ ပါနည်း? အဘယ်တရားတို့သည် သမာဓိ၏ အခြံအရံတရား တို့ပါနည်း? အဘယ်တရားသည် သမာဓိကို ပွားများခြင်းပါနည်း?**

**အဖြေ။ ။ဒါယကာ ဝိသာခ... စိတ်၏ အာရုံတစ်မျိုးတည်းသာ ရှိခြင်းသည် တည်ကြည်မှု-သမာဓိ မည်၏။ လေးပါးသော အောက်မေ့မှုထင်ခြင်း သတိပဋ္ဌာန်တို့သည် တည်ကြည်မှုဖြစ်ကြောင်း "သမာဓိ နိမိတ်"တို့ ပေတည်း။ လေးပါးသော ကောင်းစွာ အားထုတ်ခြင်း သမ္မပ္ပဓာန်တို့သည် တည်ကြည်မှု၏ အခြံအရံတို့ ပေတည်း။ ထိုတရားတို့ကိုသာလျှင် မှီဝဲခြင်း, ပွားခြင်း, ကြိမ်ဖန်များစွာပြုခြင်းသည် ဤ အရာ၌ တည်ကြည်မှုကို ပွားများခြင်းပေတည်း။**

**သမာဓိ-ဟူသည်**

စိတ်၏ အာရုံတစ်မျိုးတည်း၌ တည်တံ့နေကြောင်းဖြစ်သော ဧကဂ္ဂတာသည် သမာဓိ မည်၏။

**သမာဓိ ၂-မျိုး**

သမထသမာဓိနှင့် ဝိပဿနာ သမာဓိဟူ၍ ၂-မျိုးရှိ၏။ သမထသမာဓိသည် အာရုံနိမိတ် တစ်ခုတည်း အပေါ်၌ စိတ်၏ အစဉ်အတန်းလိုက် တည်နေသောကြောင့် "ပဗန္ဓ သမာဓိ"ဟု ခေါ်၏။ ဝိပဿနာသမာဓိမှာကား အာရုံတစ်ခု,တစ်ခုစီ အပေါ်၌ တခဏ, တခဏမျှသာ တည်နေ၏။ ထို့ကြောင့် ဝိပဿနာသမာဓိကို "ခဏိက သမာဓိ"ဟု ခေါ်၏။ (ခဏမတ္တဋ္ဌိတိကော သမာဓိ။) ဝိသုဒ္ဓိမဂ်-မဟာဋီ၊ ပတွဲ၊ ၃၄၂။

**သမာဓိဖြစ်ကြောင်း နိမိတ် (သမာဓိနိမိတ္တံ)**

ကာယ, ဝေဒနာ, စိတ္တ, ဓမ္မဟူသော သတိပဋ္ဌာန်တရား လေးပါးကို ပွားများနေလျှင် စိတ်သည် တည်ကြည်ကြောင်းတရားကို ပွားနေခြင်း ဖြစ်၏။ မဂ်စိတ်ဖြစ်သော အခိုက်၌ လေးပါးသောကိစ္စတို့ကို ပြီးစေသည်၏ အစွမ်းအားဖြင့်ဖြစ်သော ထိုသတိသည် သမာဓိ၏ အကြောင်းပစ္စည်းဟူသော အနက်သဘောကြောင့် **နိမိတ်**မည်၏။

**သမာဓိ၏ အခြံအရံ ပရိက္ခရာ (သမာဓိပရိက္ခာရံ)**

၁။ မဖြစ်သေးသော အကုသိုလ်တရားများ မဖြစ်စေရန် အားထုတ်ခြင်း၊

၂။ ဖြစ်ပြီးသော အကုသိုလ်တရားများကို ပယ်နိုင်အောင် အားထုတ်ခြင်း၊

၃။ မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်လာအောင် အားထုတ်ခြင်း၊

၄။ ဖြစ်ပြီးသော ကုသိုလ်တရားများကို တည်တံ့, တိုးပွား, ပြည့်စုံသွားအောင် အားထုတ်ခြင်း၊ ဤလေးပါးသော သမ္မပ္ပဓာန်ကိစ္စကို ပြီးစေသည်၏ အစွမ်းအားဖြင့်ဖြစ်သော ထိုဝီရိယသည် သမာဓိ၏ အခြံအရံဟူသော အနက်သဘောကြောင့် **ပရိက္ခာရ** မည်၏။

**မှီဝဲခြင်း-အာသေဝန၊ ပွားများခြင်း-ဘာဝနာ၊ ကြိမ်ဖန်များစွာပြုခြင်း-ဗဟုလီကမ္မတို့ အယူအဆ**

အရိယာမဂ်သမာဓိသည် တစ်ကြိမ်သာဖြစ်၍ "ပွားများခြင်း, ကြိမ်ဖန်များစွာ ပြုခြင်း"တို့သည် နားလည်ဖို့ ခက်ခဲ၏။ အဋ္ဌကထာ၌ စိတ်တစ်ခု အတွင်းမှာပင် မှီဝဲခြင်း-ပွားများခြင်း-ကြိမ်ဖန်များစွာ ပြုခြင်း ဤသုံးမျိုးလုံးကို ပြထား၏။ "**ဥပါဒ်ခဏ၌ မှီဝဲ၏။ ဋီခဏ၌ ပွားများ၏။ ဘင်ခဏ၌ ကြိမ်ဖန်များစွာ ပြု၏**"ဟု ဆို၏။

(ဗဟုလီကမ္မန္တိ တဿေဝ ဝသိပ္ပတ္တိယာ ပုနပ္ပုနံ ကရဏံ။ မဂ္ဂဿ ဧကက္ခဏေယေဝ ကိစ္စသာဓနေ ဝသေန အာသေဝနာဒီနိ ဝေဒိတဗ္ဗာနိ။ ပဋိသံ၊ ဋ္ဌ၊ ၂၊ ၁၆၉)

ဤဖွင့်ဆိုချက်ကို မဟာစည်ဆရာတော်ကြီးက "ကျေနပ်သဘောကျဖို့ ခက်ပါတယ်"ဟု စူဠ– ဝေဒလ္လသုတ် တရားတော်(နှာ-၁၇၅)၌ ဆိုထား၏။ ဆရာတော်ကြီးက **"ဒုတိယမဂ်ဖြင့် မှိန်ခြင်း၊ တတိယ မဂ်ဖြင့် ပွားများခြင်း၊ စတုတ္ထမဂ်ဖြင့် ကြိမ်ဖန်များစွာ ပြုခြင်း"**ဟု အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ ယုဂနဒ္ဓသုတ် (အံ၊ဋ္ဌ၊၂၊နှာ-၃၄၆) ၌ ဖွင့်ဆိုချက်ကို ပို၍ နှစ်သက်ပေသည်။

(သော တံ မဂ္ဂန္တိ ဧကစိတ္တက္ခဏိကမဂ္ဂဿ အာသေဝနာဒီနိ နာမ နတ္ထိ၊ ဒုတိယမဂ္ဂါဒယော ပန ဥပ္ပါဒန္တော တမေဝ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတီတိ ဝုစ္စတိ။ (ယုဂနဒ္ဓသုတ်အဖွင့်၊ အံ၊ ဋ္ဌ၊ ၂၊ ၃၄၆။)

ပဌမော လောကုတ္တရမဂ္ဂေါ နိဗ္ဗတ္တီတိ သောတာပတ္တိမဂ္ဂံ သန္ဓာယ ဝဒတိ, လောကိယမဂ္ဂဝသေနေဝ ဝါ ဣမိဿာ ပါဠိယာ အတ္ထော ဝေဒိတဗ္ဗော။ ကထံ? မဂ္ဂေါ သဉ္ဇာယတိ, ပုဗ္ဗဘာဂိယော လောကိယမဂ္ဂေါ ဥပ္ပဇ္ဇတိ။ အာသေဝတီတိ နိဗ္ဗိဒါ–နုပဿနာဝသေန။ ဘာဝေတိ မုစ္စတုကမျတာဝသေန။ ဗဟုလီကရောတိ ပဋိသင်္ခါနုပဿနာဝသေန။ အာသေဝတိ ဝါ ဘယတုပဋ္ဌာနာဒိဉာဏဝသေန။ ဘာဝေတိ မုစ္စတိတုကမျတာဒိဉာဏဝသေန။ ဗဟုလီကရောတိ ဝုဋ္ဌာနဂါမိနိဝိပဿနာ–ဝသေန။ (အံ၊ ဋ္ဌီ၊ ၂၊ ၃၄၄။)

## သင်္ခါရဆိုင်ရာ မေးခွန်းများ

**(၁၁) သင်္ခါရအမေး**

**အရှင်မ ဓမ္မဒိန္နာ… သင်္ခါရတို့သည် အဘယ်နည်း?**

မှတ်ချက်။ ။ဤ၌ ကာယသင်္ခါရစသည်ကို ချုပ်စေလျက် နိရောဓသမာပတ်ကို ဝင်စားကြ၏။ ထိုသင်္ခါရ များကို မေးမြန်းလို၍ ဝိသာခသူဌေးကြီးက ဤသို့မေးခြင်းဖြစ်သည်။

**အဖြေ။ ။ဒါယကာ ဝိသာခ… သင်္ခါရတို့သည် ကိုယ်ဖြင့် ပြုပြင်စီရင်မှု ကာယသင်္ခါရ, နှုတ်ဖြင့် ပြုပြင်စီရင်မှု ဝစီသင်္ခါရ, စိတ်ဖြင့် ပြုပြင်စီရင်မှု စိတ္တသင်္ခါရအားဖြင့် သုံးပါးတို့တည်း။**

**သင်္ခါရ အဓိပ္ပါယ် အမျိုးမျိုး**

၁။ "သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ အနတ္တာ"၌ ပါသော "သင်္ခါရ"ဟူသည်မှာ ကံ,စိတ်, ဥတု,အာဟာရ ဟူသော အကြောင်းတရား လေးပါးတို့သည် ပြုစီမံအပ်သော ဘုံသုံးပါး၌ဖြစ်သည့် **အကျိုး ခန္ဓာငါးပါး, ရုပ်နာမ်**များကို ယူရသည်။

၂။ “အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ”၌ ပါသော “သင်္ခါရ”ဟူသည်မှာ ကာမကုသိုလ်ကံနှင့် ရူပကုသိုလ်ကံ ၂-ပါးကို ပုညာဘိသင်္ခါရ၊ အကုသိုလ်ကံကို အပုညာဘိသင်္ခါရ၊ အရူပကုသိုလ်ကံကို အာနေဉ္ဇာဘိသင်္ခါရ ဟု သင်္ခါရသုံးမျိုးကို ယူရ၏။

၎င်းနောက် ကာယကံစေတနာကို ကာယသင်္ခါရ၊ ဝစီကံစေတနာကို ဝစီသင်္ခါရ၊ မနောကံစေတနာ ကို စိတ္တသင်္ခါရဟူ၍ သင်္ခါရသုံးမျိုးကို ယူရ၏။

၃။ သင်္ခါရက္ခန္ဓာ၌ ပါသော “သင်္ခါရ”သည် ထိုထိုဆိုင်ရာ ကိစ္စများကို ပြီးစီးအောင် တိုက်တွန်း, နှိုးဆော်, ပြုပြင်စီမံပေးရသော စေတနာဦးဆောင်သည့် စေတသိက် ၅၀-ကို ယူရသည်။

မှတ်ချက်။ ။ဤကဲ့သို့ သင်္ခါရမျိုးစုံ ရှိသော်လည်း ပဋိသမ္ဘိဒါပတ္တ ရဟန္တာမကြီးဖြစ်သော ဓမ္မဒိန္နာထေရီမ ကြီးက မည်သည့်သင်္ခါရမျိုးကို ရည်ရွယ်၍မေးကြောင်း သိထားသဖြင့် ကာယသင်္ခါရ စသည့်သုံးပါးကိုသာ ဤကဲ့သို့ ရှင်းလင်းစွာ ဖြေဆိုလိုက်၏။

**(၁၂) ကာယသင်္ခါရ စသည်အမေး**

**အရှင်မ ဓမ္မဒိန္နာ... အဘယ်သည် ကာယသင်္ခါရ မည်ပါသနည်း? အဘယ်သည် ဝစီသင်္ခါရ မည်ပါ သနည်း? အဘယ်သည် စိတ္တသင်္ခါရ မည်ပါသနည်း?**

မှတ်ချက်။ အထက်ပါ သင်္ခါရမျိုးစုံတို့သည် တစ်ခုနှင့်တစ်ခု ရောထွေးရှုပ်နေ၏။ မထင်ရှားကြကုန်။ သိနိုင်ခဲ ကုန်၏။ သင်္ခါရဟူသော နာမည်သာမည အားဖြင့် တူသော်လည်း ၎င်းတို့၏ တရားကိုယ်များကား မတူကြချေ။ ထို့ကြောင့် ကာယသင်္ခါရ, ဝစီသင်္ခါရ, မနောသင်္ခါရ-တို့၏အရ မည်သည့်တရားကို ကောက်ယူရမည်ကို ရှင်းလင်းစွာ ဟောကြားဖြေဆို စေလိုသဖြင့် ဝိသာခသူဌေးကြီးက ဤသို့ မေးခြင်းဖြစ်သည်။

**အဖြေ။ ။ဒါယကာ ဝိသာခ... ထွက်သက်ဝင်သက်တို့သည် ကိုယ်ဖြင့် ပြုစီရင်မှု ကာယသင်္ခါရ မည်၏။ ဝိတက်, ဝိစာရတို့သည် နှုတ်ကိုစီရင်မှု ဝစီသင်္ခါရ မည်၏။ သညာ, ဝေဒနာတို့သည် စိတ်ဖြင့် ပြုစီရင်မှု စိတ္တသင်္ခါရ မည်၏။**

**(၁၃) ထွက်သက်,ဝင်သက် စသည်အမေး**

**အရှင်မ ဓမ္မဒိန္နာ... အဘယ့်ကြောင့် ထွက်သက်ဝင်သက်တို့သည် ကိုယ်ဖြင့်ပြုစီရင်မှု ကာယ–သင်္ခါရ မည်ပါသနည်း? အဘယ့်ကြောင့် ဝိတက်, ဝိစာရတို့သည် နှုတ်ကို ပြုစီရင်မှု ဝစီသင်္ခါရ မည်ပါသ နည်း? အဘယ့်ကြောင့် သညာ, ဝေဒနာတို့သည် စိတ်ဖြင့် ပြုစီရင်မှု စိတ္တသင်္ခါရ မည်ပါသနည်း?**

**အဖြေ။ ။ဒါယကာ ဝိသာခ... ထိုထွက်သက်ဝင်သက် တရားတို့သည် ကိုယ်၌ဖြစ်ကုန်၏။ ကိုယ်နှင့် စပ်ကုန်၏။ ထို့ကြောင့် ထိုထွက်သက်ဝင်သက်တို့သည် ကိုယ်ဖြင့် ပြုစီရင်မှု ကာယသင်္ခါရ မည်၏။**

**ဒါယကာ ဝိသာခ... ရှေးဦးကပင် ကြံစည်စဉ်းစား၍ နောက်မှ စကားကို ပြောဆို၏။ ထို့ကြောင့် ဝိတက်, ဝိစာရတို့သည် နှုတ်ကိုပြုစီရင်မှု ဝစီသင်္ခါရမည်၏။**

**ထို သညာ,ဝေဒနာတို့သည် စိတ်၌ ဖြစ်ကုန်၏။ စိတ်နှင့်စပ်ကုန်၏။ ထို့ကြောင့် သညာ,ဝေဒနာတို့ သည် စိတ်ဖြင့်ပြုစီရင်မှု စိတ္တသင်္ခါရ မည်၏။**

အဓိပ္ပါယ်ရှင်းချက်။

(က)ဝင်သက်+ထွက်သက်ဟူသော ကာယသင်္ခါရသည် နှာခေါင်း-ဝမ်းဗိုက်ဟူသော ကိုယ်နှင့် ဆက်စပ်နေ၏။ ကိုယ်ဖြင့် ပြုလုပ်အပ်၏။ ထို့ကြောင့် ကာယသင်္ခါရဟု ခေါ်၏။ (ကာယ-ကိုယ်+ သင်္ခါရ-ပြုလုပ်အပ်လို့= ကာယသင်္ခါရ)

(ခ)ကြံစည်တာကို ဝိတက်ဟု ခေါ် ပြီး၊ ထပ်ကာ ထပ်ကာ သုံးသပ်ဆင်ခြင်တာကိုတော ဝိစာရဟု ခေါ်၏။ စကားပြောမည်ဆိုလျှင် ဘယ်လို ပြောမည်ဟု ပထမကြံစည်၏။ ထို့နောက် ဆင်ခြင်သုံးသပ်ကာ ပြောဆို၏။ ထိုစကားပြောဆိုမှု-ဝစီကို ဤဝိတက်,ဝိစာရတို့က ရှေးဦးစွာ ကြံစည်စဉ်းစားမှုလျက် ပြုလုပ် ပေးရသောကြောင့် ဝစီသင်္ခါရဟု ခေါ်၏။

(က)ဤ၌ကား သညာ,ဝေဒနာ ၂-ပါးကိုသာ စိတ္တသင်္ခါရဟု ပြဆိုထား၏။ သို့သော် သင်္ခါရ–ယမိုက်ပါဠိ၌ “သညာ စ ဝေဒနာ စ စိတ္တသင်္ခါရော၊ ဌပေတွာ ဝိတက္ကဝိစာရေ သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသင်္ခါရော = သညာနှင့် ဝေဒနာသည် စိတ္တသင်္ခါရ မည်၏။ ဝိတက်, ဝိစာရမှ တပါး စေတသိက် ၄၈-ပါးတို့လည်း စိတ္တသင်္ခါရ မည်၏”ဟု ဆိုထားသောကြောင့် ၎င်း **၄၈-ပါးကိုလည်း စိတ္တသင်္ခါရ** မည် ကြောင်း မှတ်သားနိုင်၏။

(မှတ်ချက်။ ။ ဤ၌ စိတ္တသင်္ခါရအရ စေတသိက် ၅၀-ကို ယူနိုင်သော်လည်း ဤနေရာ၌ နိရောဓ သမာပတ်နှင့် ဆက်စပ်ပြီး မေးခြင်းဖြစ်၍ အနာဂါမ်နှင့် ရဟန္တာတို့၏ သန္တာန်၌ ဖြစ်ခွင့်ရှိသော ကုသိုလ်, ကြိယာဆိုင်ရာ ဝေဒနာ,သညာနှင့် သင်္ခါရက္ခန္ဓာ စေတသိက် ၃၄-ပါးကိုသာ ယူသင့်၏။)

(မဟာစည် ဆရာတော်)

## နိရောဓသမာပတ်ဆိုင်ရာ မေးခွန်းများ

**(၁၄) နိရောဓသမာပတ် အမေး**

**အရှင်မ ဓမ္မဒိန္နာ... သညာ, ဝေဒနာတို့၏ ချုပ်ခြင်းသို့ရောက်မှု နိရောဓသမာပတ်သည် အဘယ် ပါနည်း?**

မှတ်ချက်။ ။ ဤနေရာ၌ ဝိသာခသူဌေးကြီးက ဓမ္မဒိန္နာထေရီမသည် နိရောဓသမာပတ် ဝင်စားဖူး သလား? ဝင်စားဖူးလျှင်လည်း နိုင်နိုင်နင်းနင်း ကျွမ်းကျွမ်းကျင်ကျင် မိမိအလိုရှိတိုင်း ပြီးမြောက်အောင် ဝင်စား နိုင်ရဲ့လားဟု သိလိုသဖြင့် ဤနိရောဓသမာပတ် ဆိုင်ရာ မေးခွန်းများကို မေးခြင်းဖြစ်သည်။

**အဖြေ။ ။ဒါယကာ ဝိသာခ... သညာ,ဝေဒနာတို့၏ ချုပ်ခြင်းသို့ရောက်သော ရဟန်းအား “ငါသည် သညာ, ဝေဒနာတို့၏ ချုပ်နေခြင်းသို့ ရောက်လိမ့်မည်ဟုငင်း၊ ငါ့သည် သညာ,ဝေဒနာတို့၏ ချုပ်နေခြင်း သို့ ရောက်၏ဟူ၍ငင်း၊ ငါသည် သညာ,ဝေဒနာတို့၏ ချုပ်နေခြင်းသို့ ရောက်ပြီဟူ၍ငင်း” စိတ်မဖြစ်။ စင်စစ်သော်ကား ထိုရဟန်းသည် ထိုသို့ ချုပ်စိမ့်သောငှာ ဆောင်စွမ်းနိုင်သော စိတ်ကို ရှေးဦးကပင် ထိုသို့သော အခြင်းအရာဖြင့် ပွားများထား၏။**

**နိရောဓသမာပတ် ဝင်စားပုံ**

နိရောဓသမာပတ်ကို သမာပတ်ရှစ်ပါးရသော အနာဂါမ်နှင့် ရဟန္တာများသာ ဝင်စားနိုင်၏။ သင်္ခါရ ဒုက္ခမှ ငြီးငွေ့လှသဖြင့် နိဗ္ဗာန်ချမ်းသာကို ခံစားလိုသော အနာဂါမ်,ရဟန္တာ ပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ ပဌမဈာန်ကို ဝင်စားပြီး, ထိုဈာန်မှထကာ ဈာန်စိတ်ကို အနိစ္စ,ဒုက္ခ,အနတ္တဟု ဝိပဿနာရှုရ၏။

ဤသို့ စျာန်သမာဓိနှင့် ဝိပဿနာကို အစုံလိုက်ဝင်စားလာရာ အာကိဉ္စညာယတနစျာန်ကို ဝင်စားပြီးလျှင် စျာန်စိတ်ကို ဝိပဿနာရှု၊ ထို့နောက် ဤနေရာအရောက်၌ ရှေ့သို့ ဆက်မသွားသေးပဲ အဓိဋ္ဌာန် လေးပါးပြုရ၏။ ထို့နောက် နေဝသညာ-နာသညာ-ယတနစျာန်ကို ဝင်စား၏။ ထိုစျာန်စိတ်သည် အိပ်ပျော် ခါနီး၌ မသိတသိစိတ်မျိုးကဲ့သို့ပင် အလွန်အားနည်း၏။ ထိုစျာန်စိတ် တစ်ကြိမ်, နှစ်ကြိမ်ခန့် ဖြစ်ပြီးလျှင် စိတ်,စေတသိက်တို့ ချုပ်ကာ နိရောဓသမာပတ်သို့ ဆိုက်ရောက်သွားတော့၏။

ထိုသို့ ဖြစ်ပျက်သင်္ခါရဒုက္ခမှ ငြိမ်းပြီး နိဗ္ဗာန်အငြိမ်းဓာတ်ကို ခံစားနေသောကြောင့် နိရောဓ-သမာပတ်ကို **ဒိဋ္ဌဓမ္မနိဗ္ဗာန်**ဟု အဋ္ဌကထာ၌ ဆိုထား၏။

## နိရောဓသမာပတ် မဝင်စားမီ ပြုရမည့် အဓိဋ္ဌာန် ၄-ချက်

၁။ မိမိပိုင်ဆိုင်သော အသုံးအဆောင် ပစ္စည်းများ မီးစသည် မဖျက်ဆီးနိုင်ပါစေသား-ဟု အဓိဋ္ဌာန်ပြုရခြင်း၊

၂။ သံဃာများ အလိုရှိလျှင် သမာပတ်မှ ထပါစေသား-ဟု အဓိဋ္ဌာန်ပြုရခြင်း၊

၃။ မြတ်စွာဘုရား ခေါ်တော်မူလျှင် သမာပတ်မှ ထပါစေသား-ဟု အဓိဋ္ဌာန်ပြုရခြင်း၊

၄။ သမာပတ်မဝင်စားမီ မိမိ၏ အသက်ကို (၇)ရက်ပြည့်အောင် ရှည်မည်လား-ဟု ဆင်ခြင်ရခြင်း၊

## နိရောဓသမာပတ် ဝင်စားပုံအစဉ်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | | ၈ |
|---|---|---|---|---|---|---|---|---|
| ပ-စျာန် | ဒု-စျာန် | တ-စျာန် | စ-စျာန် | အာကာ | ဝိညာ | အာကိဉ် | အဓိဋ္ဌာန်ပြု | နေဝသညာ |
| ဝိပဿနာရှု | ဝိပဿနာရှု | ဝိပဿနာရှု | ဝိပဿနာရှု | ဝိပဿနာရှု | ဝိပဿနာရှု | ဝိပဿနာရှု | | နိရောဓရောက် |

**(ဆောင်) စျာန်ကို ဝင်ကာ၊ ပဿနာ ရှု၊ စဉ်တိုင်းပြုလာ၊ အာကိဉ်နောက်တွင်၊ ဓိဋ္ဌာန်ဝင်၍၊ ပြီးလျှင် နေဝါ၊ ဝင်စားပါ၊ နောက်မှာ နိရောဓ။**

### (၁၅) နိရောဓသမာပတ် ချုပ်ပုံ အမေး

**အရှင်မ ဓမ္မဒိန္နာ... သညာ,ဝေဒနာချုပ်နေခြင်းသို့ ရောက်သော (နိရောဓသမာပတ် ဝင်စားနေသည့်) ရဟန်းအား အဘယ်တရားတို့ ရှေးဦးစွာ ချုပ်ကြပါသနည်း? ကာယသင်္ခါရလော? သို့မဟုတ် ဝစီသင်္ခါရလော? သို့မဟုတ် စိတ္တသင်္ခါရလော?**

**အဖြေ။ ။ဒါယကာ ဝိသာခ... သညာ,ဝေဒနာချုပ်နေခြင်းသို့ ရောက်သော (နိရောဓသမာပတ် ဝင်စားနေ သည့်) ရဟန်းအား ဝစီသင်္ခါရသည် ရှေးဦးစွာ ချုပ်၏။ ထို့နောက် ကာယသင်္ခါရ ချုပ်၏။ ထို့နောက် စိတ္တ သင်္ခါရ ချုပ်၏။**

**သင်္ခါရ သုံးပါး အစဉ်အတိုင်းချုပ်ပုံ**

| | | | | | | |
|---|---|---|---|---|---|---|
| ပ | ဝိတက် | ဝိစာရ | ပီတိ | သုခ | ဧကဂ္ဂတာ | |
| ဒု | x | x | ပီတိ | သုခ | ဧကဂ္ဂတာ | ☞ **ဝစီသင်္ခါရချုပ်** |
| တ | x | x | x | သုခ | ဧကဂ္ဂတာ | |
| စ | x | x | x | ဉပေက္ခာ | ဧကဂ္ဂတာ | ☞ **ထွက်လေဝင်လေ ကာယသင်္ခါရချုပ်** |
| ပဥ္စ | အာကာသာနဉ္စာယတန | | | ဉပေက္ခာ | ဧကဂ္ဂတာ | |
| ဆ | ဝိညာဏဉ္စာယတန | | | ဉပေက္ခာ | ဧကဂ္ဂတာ | |
| သတ္တ | အာကိဉ္စညာယတန | | | ဉပေက္ခာ | ဧကဂ္ဂတာ | |
| | **အဓိဋ္ဌာန် လေးပါးပြု** | | | | | |
| အဋ္ဌ | နေဝသညာနာသညာယတန | | | ဉပေက္ခာ | ဧကဂ္ဂတာ | ☞ **စိတ္တသင်္ခါရချုပ်** **(နိရောဓသမာပတ်ရောက်)** |

မှတ်ချက်။ ။ဒုတိယဈာန်၌ ဝစီသင်္ခါရချုပ်သည် ဆိုရာ၌ ဈာန်စိတ်ဖြစ်ခိုက်ကို ရည်ရွယ်ပြီး ဆိုခြင်းဖြစ်၏။

ထိုဈာန်စိတ်များကို ဝိပဿနာရှုခိုက်မှာတော့ ဝိတက်,ဝိစာရ ချုပ်ဖွယ်မရှိပါ။

(မဟာစည် ဆရာတော်၊ စူဠဝေဒလ္လသုတ်တရားတော်၊ ၁၇၄။)

နိရောဓသမာတ်ပတ်ဟူသည်။ ။ လေးပါးသော နာမ်ခန္ဓာတို့နှင့်, ၎င်းတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့၏ ချုပ်နေခြင်းကို ခေါ်သည်။

အဘယ့်ကြောင့် ဝင်စားကြသနည်း? ။အမြဲမပြတ် ဖြစ်-ပျက်နေရသော သင်္ခါရဒုက္ခတို့၌ ငြီးငွေ့တော်မူကြသော ကြောင့် ထိုအနာဂါမ်, ရဟန္တာပုဂ္ဂိုလ်ကြီးတို့သည် ၇-ရက်ပတ်လုံး စိတ်မရှိပဲ ချုပ်ငြိမ်းနေသော နိရောဓသမာပတ်ကို ဝင်စားလျက် ဒိဋ္ဌဓမ္မနိဗ္ဗာန်ချမ်းသာကို ခံစားနေကြ၏။

**(၁၆) နိရောဓသမာပတ်မှ ထပုံ အမေး**

**အရှင်မ ဓမ္မဒိန္နာ... သညာ,ဝေဒနာချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထမှုသည် အဘယ်သို့ ဖြစ်ပါသနည်း?**

**အဖြေ။ ။ဒါယကာ ဝိသာခ... နိရောဓသမာပတ်မှ ထသောပုဂ္ဂိုလ်အား သမာပတ်မှ ထတော့မည်ဟူသော စိတ်လည်း မဖြစ်၊ ထတယ်-ဟူသော စိတ်လည်း မဖြစ်၊ ထခဲ့ပြီ-ဟူသော စိတ်လည်း မဖြစ်၊ အမှန်အားဖြင့်ကား ထိုပုဂ္ဂိုလ်မှာ သမာပတ်မဝင်စားမီ ရှေးကကြိုတင်၍ပင် "မည်မျှကြာသောအခါ စိတ်ဖြစ်စေမည်"ဟု အဓိဋ္ဌာန်စိတ်ကို ဖြစ်စေခဲ့၏။ ဤသို့ အဓိဋ္ဌာန်ထားသည့်အတိုင်း ထိုစိတ်သည် ဖြစ်စေခြင်းငှာ လုပ်ဆောင်ပေး၏။**

အဓိပ္ပါယ်။ ။ မဝင်စားမီက အချိန်သတ်မှတ် အဓိဋ္ဌာန်ထားသည့်အတိုင်း အနာဂါမ်ပုဂ္ဂိုလ်၌ အနာဂါမိဖိုလ်စိတ်၊ ရဟန္တာပုဂ္ဂိုလ်၌ အရဟတ္တဖိုလ်စိတ် စပြီး ဖြစ်ပေါ်လာကြ၏။

**(၁၇) ဘယ်သင်္ခါရက စ၍ ပေါ်သနည်း?**

**အရှင်မ ဓမ္မဒိန္နာ... သညာ,ဝေဒနာတို့ ချုပ်ခြင်းသို့ ရောက်နေသော ရဟန်းအား ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရတို့တွင် အဘယ်သင်္ခါရက စ၍ ဖြစ်လေသနည်း?**

**အဖြေ။ ။ဒါယကာ ဝိသာခ... သညာ,ဝေဒနာတို့ ချုပ်ခြင်းသို့ရောက်နေသော ရဟန်းအား စိတ္တ-သင်္ခါရသည် ရှေးဦးစွာ ပေါ်၏။ ထို့နောက် ကာယသင်္ခါရ၊ ထို့နောက် ဝစီသင်္ခါရ ပေါ်၏။**

အဓိပ္ပါယ်။ ။နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်၌ အနာဂါမိဖိုလ်စိတ်၊ ရဟန္တာပုဂ္ဂိုလ်၌ အရဟတ္တဖိုလ်စိတ်(ဖလသမာပတ်စိတ်)မှ စ၍ ဖြစ်၏။ ထိုဖလသမာပတ်သည် စတုတ္ထဈာန်နှင့် ယှဉ်သော စိတ်ဖြစ်၍ ထွက်လေဝင်လေလည်း ဖြစ်ခွင့်မရှိ။ ဝိတက်,ဝိစာရလည်း ဖြစ်ခွင့်မရှိသေး။ ထို့ကြောင့် အထက်ပါ ဖိုလ်စိတ်များနှင့် တွဲလျက် ဝေဒနာ,သညာစသော စေတသိက်များလည်း ပါ၍ စိတ္တသင်္ခါရက စပြီးဖြစ်၏။

ထို့နောက် ဘဝင်ဖြစ်ခိုက်မှစ၍ အသက်ရှူလေ ကာယသင်္ခါရ ဖြစ်လာ၏။ ထိုဘဝင်စိတ်ဖြစ်ခိုက် ဝိတက်, ဝိစာရ ပါဝင်သော်လည်း စကားပြောဆိုမှုကို မဖြစ်စေနိုင်သေးသောကြောင့် ဝစီသင်္ခါရကို ထိုအခိုက်၌ ဖြစ်တယ်ဟု မဆိုနိုင်သေး။ ထို့နောက်မှသာလျှင် ဝစီသင်္ခါရ ဖြစ်ပေါ်လာ၏။

မှတ်ချက်။ ။ဖိုလ်စိတ်များ ပြန်ဖြစ်သောအခါ ထိုဖိုလ်စိတ်များက ဝင်သက်-ထွက်သက်ကို မဖြစ်စေနိုင်သလော?-ဟု မေးစရာ ရှိ၏။ ဖြစ်စေနိုင်၏။ သို့သော် နိရောဓသမာပတ်မှ ထသောသူ၏ ထွက်သက်ဝင်သက်တို့သည် အလွန်အားနည်းပြီး မပြောပလောက်ပေ။ ထို့ကြောင့် စိတ္တသင်္ခါရ စဖြစ်ပြီးလျှင် ဘဝင်ဖြစ်ရာ အခါကို ဆိုခြင်းဖြစ်သည်။

ကာယသင်္ခါရဖြစ်ပြီးနောက် ကြိယာစိတ်ဖြင့်ပြီးသော ကာယဝိညတ်, ဝစီဝိညတ် ပြန့်သောအခါ၌ ဝစီသင်္ခါရ ဖြစ်၏။ ဘဝင်စိတ်သည်ကော ဝိတက်, ဝိစာရတို့ကို မဖြစ်စေနိုင်သလော?ဟု မေးဖွယ်ရှိ၏။ ဖြစ်စေနိုင်၏။ သို့သော် ဘဝင်စိတ်နှင့် တွဲဖြစ်သော ဝိတက်,ဝိစာရတို့သည် စကားကို ဖြစ်စေနိုင်လောက် အောင် အားမကောင်းသေးချေ။ ထို့ကြောင့် သွားခြင်းစသော အမူအရာများကို ဖြစ်စေတတ်သော ကာယ ဝိညတ်, ဝစီဝိညတ်တို့ ပြန့်နှံ့သောအခါ၌သာလျှင် ထိုဝစီသင်္ခါရကို ဆိုအပ်၏။

**(၁၈) ဖဿမည်မျှ ဖြစ်ပါသနည်း?**

**အရှင်မ ဓမ္မဒိန္နာ... သညာ,ဝေဒနာချုပ်ခြင်းမှ ထသော ရဟန်းကို အဘယ်မျှသော တွေ့ထိမှု ဖဿတို့သည် တွေ့ထိကုန်သနည်း?**

**အဖြေ။ ။ဒါယကာ ဝိသာခ... သညာ,ဝေဒနာချုပ်ခြင်းမှ ထသောရဟန်းကို ဆိတ်သုဉ်းသော တွေ့ထိမှု "သုညတဖဿ", နိမိတ်မရှိသော တွေ့ထိမှု "အနိမိတ္တဖဿ", တောင့်တမှုမရှိသော "အပ္ပဏိဟိတ ဖဿ" ဟူသော ဖဿသုံးပါးတို့သည် တွေ့ထိကုန်၏။**

အဓိပ္ပါယ်။ ။ နိရောဓသမာပတ်မှ ထသောအခါ ဖလသမာပတ်မှ စ၍ ဖြစ်၏။ ထိုဖလသမာပတ်သည် ရာဂစသည်မှ ကင်းဆိတ်သောကြောင့် "သုညတ"လဲ ဟုတ်၏။ ရာဂနိမိတ်စသည်မှ ကင်းဆိတ်ခြင်း ကြောင့် "အနိမိတ္တ"လဲ ဟုတ်၏။ ရာဂ,ဒေါသ,မောဟတို့ဖြင့် တောင့်တခြင်းကင်းသောကြောင့် "အပ္ပဏိဟိတ"လဲ ဟုတ်၏။ ထို့ကြောင့် ထိုဖလသမာပတ်၌ ပါဝင်နေသော ဖဿသည်လဲ သုညတ, အနိမိတ္တ, အပ္ပဏိဟိတ မည်၏။

အလွယ်ဆိုရသော် နိရောဓသမာပတ်မှ ထသောအခါ ကိလေသာသင်္ခါရ ကင်းဆိတ်သော သုညတ နိဗ္ဗာန်ကို အာရုံပြုပြီး တွေ့ထိနေ၏။ နိမိတ်ပုံသဏ္ဌာန် ကင်းဆိတ်သော အနိမိတ္တနိဗ္ဗာန်ကို အာရုံပြုပြီး တွေ့ထိနေ၏။ တောင့်တခြင်းကင်းသော အပ္ပဏိဟိတ နိဗ္ဗာန်ကို အာရုံပြုပြီး တွေ့ထိနေ၏။

**သုညတဖဿစသည်တို့၏ ဂုဏ်နှင့် အာရုံ ၂-မျိုး**

**ဂုဏ်အားဖြင့်** သုညတ-ဟူသည် ဖလသမာပတ်ကို ဆိုလို၏။ ထိုဖလသမာပတ်နှင့် အတူဖြစ်သော ဖဿကို **သုညတဖဿ**-ဟု ခေါ်၏။ ကျန်အနိမိတ္တနှင့် အပ္ပဏိဟိတ ၂-ပါးလည်း ဤနည်းအတိုင်းပင်။

**အာရုံအားဖြင့်** နိဗ္ဗာန်သည် ရာဂစသည်မှ ကင်းသောကြောင့် **သုည** မည်၏။ ရာဂနိမိတ်စသည်တို့ မရှိခြင်းကြောင့် **အနိမိတ္တ** မည်၏။ ရာဂ,ဒေါသ,မောဟ တည်းဟူသော တောင့်တခြင်းတို့၏ မရှိခြင်း ကြောင့် **အပ္ပဏိဟိတ** မည်၏။

**သုညတ**မည်သော နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော ဖလသမာပတ်၌ ပါဝင်နေသော **ဖဿ**သည် လည်း **သုညတ** မည်၏။ ကျန် အနိမိတ္တနှင့် အပ္ပဏိဟိတ ၂-ပါးလည်း ထိုနည်းတူပင်။

**(၁၉) စိတ်က ဘယ်ကို ညွတ်ကိုင်းနေသနည်း?**

**အရှင်မ ဓမ္မဒိန္နာ... သညာ,ဝေဒနာ ချုပ်ခြင်းဟူသော (နိရောဓသမာပတ်)မှ ထသောရဟန်း၏ စိတ်သည် အဘယ်ကို ညွတ်ကိုင်းရှိုင်း၍ နေပါသနည်း?**

အဓိပ္ပါယ်။ နိရောဓသမာပတ်မှ ထလာသောသူ၏ စိတ်သည် အဘယ်ကို ညွတ်ကိုင်းနေပါသနည်းဟု အဖြေကို ထင်ရှားစေလို၍ ဝိသာခသူဌေးကြီးက ဤသို့ မေးခြင်းဖြစ်သည်။

**(၁၉) နိဗ္ဗာန်သို့ ညွတ်ကိုင်းနေ**

**ဒါယကာ ဝိသာခ... သညာ,ဝေဒနာချုပ်ခြင်းမှ ထသောရဟန်း၏ စိတ်သည် ကင်းဆိတ်မှု "ဝိဝေက နိဗ္ဗာန်"သို့ ညွတ်ကိုင်းနေ၏။**

အဓိပ္ပါယ်။ ။အေးမြသောနေရာမှ နေပူထဲသို့ ရောက်သွားလျှင် အေးမြသောနေရာသို့ စိတ်က ညွတ်နေသကဲ့သို့၊ သင်္ခါရဒုက္ခငြိမ်းရာ နိရောဓသမာပတ်မှ ထလာပြီး မြင်မှု,ကြားမှုစသော ဖြစ်-ပျက်ဆင်းရဲများ ကို တွေ့ရသောအခါ ထိုသင်္ခါရဒုက္ခများ ကင်းဆိတ်ရာ နိဗ္ဗာန်ဆီသို့ စိတ်က ပြန်၍ ကိုင်းညွတ်နေ၏ဟု ဆိုလိုသည်။

ထို့ကြောင့် ဖလသမာပတ်, နိရောဓသမာပတ်မှ ထလာကြကုန်သော ရဟန္တာအရှင်မြတ်ကြီးတို့ သည် နိဗ္ဗာန်ကို အောက်ပါအတိုင်း ချီးမွမ်းကြကုန်၏

သုသုခံ ဝတ နိဗ္ဗာနံ၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ။
အသောကံ ဝိရဇံ ခေမံ၊ ယတ္ထ ဒုက္ခံ နိရုဇ္ဈတိ။

နိဗ္ဗာန်အရပ်၌ ဆင်းရဲဒုက္ခ ချုပ်ငြိမ်းနေ၏။ စိုးရိမ်မှုသောကလည်း မရှိ၊ ကိလေသာ တည်းဟူသော မြူလည်းမရှိ၊ ဘေးရန်ခပ်သိမ်းမှုလည်း ငြိမ်းနေ၏။ မြတ်စွာဘုရား ဟောတော်မူအပ်သော ထိုနိဗ္ဗာန်သည် အော်... အလွန်တရာ ချမ်းသာပေစွတကား....။

(ဗာကုလ ထေရဂါထာ၊ ၂၆၄။)

## ဝေဒနာဆိုင်ရာ မေးခွန်းများ

**(၂၀) ဝေဒနာ ဘယ်နှစ်ပါး ရှိသလဲ**

**မေး။ အရှင်မ ဓမ္မဒိန္နာ... ခံစားမှုဝေဒနာသည် ဘယ်နှစ်ပါး ရှိသနည်း?**
**ဖြေ။ ဒါယကာ ဝိသာခ... သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခ ဝေဒနာဟူ၍ သုံးပါးရှိ၏။**

**(၂၁) သူတို့က ဘယ်ဟာတွေလဲ**

**မေး။ အရှင်မ ဓမ္မဒိန္နာ... ချမ်းသာခံစားမှု သုခဝေဒနာကား အဘယ်နည်း? ဆင်းရဲခံစားမှု ဒုက္ခဝေဒနာကား အဘယ်နည်း? ဆင်းရဲမဟုတ်, ချမ်းသာမဟုတ် ခံစားမှု အဒုက္ခမသုခ ဝေဒနာကား အဘယ်နည်း?**

**ဖြေ။ ဒါယကာ ဝိသာခ... ကိုယ်၌ဖြစ်စေ, စိတ်၌ဖြစ်စေ သာယာဖွယ်ခံစားမှုသည် သုခဝေဒနာတည်း။ ကိုယ်၌ဖြစ်စေ, စိတ်၌ဖြစ်စေ ဆင်းရဲကို ခံစားမှုသည် ဒုက္ခဝေဒနာတည်း။ ကိုယ်၌ဖြစ်စေ, စိတ်၌ဖြစ်စေ မဆိုး,မကောင်း အလယ်အလတ် ခံစားမှုသည် အဒုက္ခမသုခ ဝေဒနာတည်း။**

**သုခ/ဒုက္ခ ၂-မျိုး။** ။ မျက်စိ, နား, နှာ, လျှာ, ကိုယ်ဟူသော ပဉ္စဒွါရ၌ဖြစ်လျှင် **ကာယိကသုခ/ ကာယိကဒုက္ခ။** စိတ်ဟူသော မနောဒွါရ၌ ဖြစ်လျှင် **စေတသိကသုခ/စေတသိကဒုက္ခ** ဟုခေါ်၏။

**(၂၂) ဘယ်လို ချမ်းသာ၍ ဘယ်လို ဆင်းရဲသနည်း?**

**မေး။ သုခါ ပနာယျေ ဝေဒနာ ကိံသုခါ, ကိံဒုက္ခာ၊ ဒုက္ခာဝေဒနာ ကိံသုခါ, ကိံဒုက္ခာ၊ အဒုက္ခမသုခ-ဝေဒနာ ကိံသုခါ, ကိံဒုက္ခာ?**

**အရှင်မ ဓမ္မဒိန္နာ... သုခဝေဒနာသည် ဘယ်လိုချမ်းသာ၍ ဘယ်လိုဆင်းရဲသနည်း။ ဒုက္ခဝေဒနာသည် ဘယ်လို ချမ်းသာ၍ ဘယ်လို ဆင်းရဲသနည်း? အဒုက္ခမသုခ ဝေဒနာသည် မည်သို့ ချမ်းသာ၍ မည်သို့ ဆင်းရဲပါသနည်း?**

**ဖြေ။ သုခါ ခေါ အာဝုသော ဝိသာခ ဝေဒနာ ဌိတိသုခါ, ဝိပရိဏာမဒုက္ခာ၊ ဒုက္ခာဝေဒနာ ဌိတိဒုက္ခာ, ဝိပရိဏာမသုခါ၊ အဒုက္ခမသုခါဝေဒနာ ဉာဏသုခါ, အညာဏဒုက္ခာ။**

**ဒါယကာ ဝိသာခ... သုခဝေဒနာသည် တည်ရှိနေတုန်း ချမ်းသာ၏။ ပြောင်းလဲဖေါက်ပြန်သွားလျှင် (ပျောက်ကွယ်သွားလျှင်) ဆင်းရဲ၏။ ဒုက္ခဝေဒနာသည် တည်ရှိနေတုန်း ဆင်းရဲ၏။ ပြောင်းလဲဖေါက်ပြန်သွားလျှင် (ကုန်သွားလျှင်) ချမ်းသာ၏။ အဒုက္ခမသုခ ဝေဒနာသည် သိသောအားဖြင့် ချမ်းသာ၏။ မသိသောအားဖြင့် ဆင်းရဲ၏။**

အဓိပ္ပါယ်။ ။သုခဝေဒနာသည် သူရှိနေတုန်း ချမ်းသာ၏ (**ဌိတိသုခ**)။ ကုန်ဆုံး ပျောက်ပျက်သွားလျှင်ကား ဆင်းရဲ၏ (**ဝိပရိဏာမဒုက္ခ**)။

ဒုက္ခဝေဒနာသည် သူရှိနေလျှင် ဆင်းရဲ၏ (**ဌိတိဒုက္ခ**)။ ကုန်ဆုံး ပျောက်ပျက်သွားလျှင်ကား ချမ်းသာ၏ (**ဝိပရိဏာမသုခ**)။

အဒုက္ခမသုခ ဝေဒနာသည် သိမ်မွေ့သောအရာဖြစ်၍ သူ့ကို သိနိုင်လျှင် ချမ်းသာ၏ (**ဉာဏသုခ**)။ သူ့ကို မသိနိုင်လျှင်ကား စိတ်ပင်ပန်းသောကြောင့် ဆင်းရဲ၏ (**အဉာဏဒုက္ခ**)။

**ဆောင်။ သုခဝေဒနာ၊ ရှိချမ်းသာ၊ ကုန်ခါ ဆင်းရဲသည်။**
**ဒုက္ခဝေဒနာ၊ ကုန်ချမ်းသာ၊ ရှိခါ ဆင်းရဲသည်။**
**ဥပေက္ခာမှာ၊ သိချမ်းသာ၊ တွေခါ ဆင်းရဲသည်။**

မှတ်ချက်။ ။ဋီကာ၌ "ဥပေက္ခာကို ဝိပဿနာဉာဏ်ဖြင့် သိလျှင် ဥဒယဗ္ဗယဉာဏ် စသည်ဖြစ်ပြီး ချမ်းသာကြောင်း၊ မသိလျှင်ကား ဆင်းရဲကြောင်း ဖွင့်ထား၏။ တနည်းကား... အသိဉာဏ်နှင့်ယှဉ်လျှင်, အသိဉာဏ်ကို မှီပြီးဖြစ်လျှင် ဥပေက္ခာဝေဒနာက ချမ်းသာ၏။ မောဟကိုမှီပြီး အကုသိုလ်ဥပေက္ခာ ဝေဒနာဖြစ်လျှင်ကား ဆင်းရဲ၏"ဟု ဖွင့်ပြထား၏။

ဤဖွင့်ဆိုချက်အရ ဉာဏ်ဖြင့်သိရမည် ဆိုသည်မှာ သာမန်ပုဂ္ဂိုလ်အဖို့ ခက်ခဲကြောင်း မဟာစည် ဆရာတော်ကြီးက ဆို၏။ ထို့ကြောင့် ဆရာတော်ကြီးက ရှေးသုခ-ဒုက္ခတို့လိုပင် ဥပေက္ခာဝေဒနာကို လည်း "သိလျှင် ချမ်းသာ၏၊ မသိလျှင် ဆင်းရဲ၏"ဟု ပါဠိတော် ရှိသည့်အတိုင်းဆိုလျှင် သိဖို့လွယ်ကူ ကြောင်း စူဠဝေဒလ္လသုတ် တရားတော်(နှာ-၁၈၆-၇)၌ ဆိုထားပေသည်။

## အနုသယကိန်းပုံ မေးခွန်းများ

### (၂၃) ဘယ်အနုသယ ကိန်းသနည်း?

**မေး။ အရှင်မ ဓမ္မဒိန္နာ... သုခဝေဒနာ၌ အဘယ်အနုသယ ကိန်းသနည်း? ဒုက္ခဝေဒနာ၌ အဘယ် အနုသယ ကိန်းသနည်း? အဒုက္ခမသုခ ဝေဒနာ၌ အဘယ်အနုသယ ကိန်းသနည်း?**

**ဖြေ။ ဒါယကာ ဝိသာခ... သုခဝေဒနာ၌ ရာဂါနုသယ ကိန်း၏။ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယ(ဒေါသ) ကိန်း၏။ အဒုက္ခမသုခ ဝေဒနာ၌ အဝိဇ္ဇာနုသယ ကိန်း၏။**

**အနုသယဟူသည်။** ။သတ္တဝါတို့ သန္တာန်၌ အစဉ်တစိုက်လိုက်၍ ကိန်းအောင်းနေသော ကိလေသာကို အနုသယဟု ခေါ်၏။ ထိုအနုသယ ကိလေသာသည် အရဟတ္တမဂ်ဖြင့် မပယ်ရသေးသမျှ ကာလပတ်လုံး အကြောင်းညီညွတ်လျှင် ဖြစ်ဖို့ရန် အဆင့်သင့် ဖြစ်နေ၏။ ထိုသို့ အသင့်ဖြစ်နေခြင်းကိုပင် "ကိန်း"သည် ဆိုလို၏။

### သုခဝေဒနာ၌ ရာဂကိန်းပုံ

အာရုံကောင်းများနှင့် တွေ့ကြုံရ၍ သုခဝေဒနာများ ဖြစ်လာပါက ထိုသုခဝေဒနာ၏ မမြဲသည့် အနိစ္စအချက်ကို ဝိပဿနာ မရှုနိုင်လျှင် ထိုသုခ၌ ရာဂကိန်းလေတော့၏။ ထိုရရှိဖူးသော ချမ်းသာကို ပြန်လည် ဆင်ခြင်ပြီး သာယာတပ်မက်မှု, တောင့်တမှုများ ထပ်ကာ ထပ်ကာ ဖြစ်လာနိုင်၏။ ထိုသို့ ဖြစ်လာနိုင်တာကိုပင် ရာဂကိန်းသည်ဟု ဆိုလို၏။

**ဆောင်။ သုခဝေဒနာ၊ လွန်ချမ်းသာ၊ ရာဂကိန်းနိုင်သည်။**

### ဒုက္ခဝေဒနာ၌ ပဋိဃကိန်းပုံ

အာရုံဆိုးများနှင့် တွေ့ကြုံရ၍ ဒုက္ခဝေဒနာများ ဖြစ်လာပါက ထိုဒုက္ခဝေဒနာ၌ အနိစ္စစသည်ဖြင့် မရှုမှတ်နိုင်လျှင် ထိုဝေဒနာအပေါ်၌ စိတ်ဆိုး, စိတ်ညစ်တတ်သည့် ပဋိဃခေါ် ဒေါသကိန်းတတ်၏။ ထိုဒုက္ခဝေဒနာကို ပြန်လည်ဆင်ခြင်ပြီး စိတ်ဆိုး, စိတ်ညစ်, စိတ်ပျက်မှုများ ထပ်ကာ ထပ်ကာ ဖြစ်နိုင်၏။ ထိုသို့ ဖြစ်နိုင်တာကိုပင် ကိန်းသည်ဟု ဆိုလို၏။

**ဆောင်။ ဒုက္ခဝေဒနာ၊ ဆင်းရဲလာ၊ ဒေါသာကိန်းနိုင်သည်။**

### ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာကိန်းပုံ

မဆိုး-မကောင်း အလယ်အလတ် အာရုံများနှင့် တွေ့ကြုံရ၍ ဥပေက္ခာဝေဒနာ ဖြစ်လာပါက ထိုအာရုံနှင့်စပ်၍ မရှုမှတ်လျှင် အနိစ္စစသော သဘောတရားအမှန်၌ ဖုံးကွယ်ကာ နိစ္စ, သုခ, အတ္တဟု အထင်မှားမှု အဝိဇ္ဇညတရားများ ကိန်းလာတတ်၏။ ထိုအာရုံများကို ပြန်လည်ဆင်ခြင်သောအခါ၌လည်း အဝိဇ္ဇာများ ထပ်ကာ ထပ်ကာ ဖြစ်နိုင်၏။ ထိုသို့ ဖြစ်နိုင်တာကိုပင် ကိန်းသည်ဟု ခေါ်သည်။

မှတ်ချက်။ ။ဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာကိန်းသည် ဆိုသော်လည်း ကျန်သော သုခနှင့် ဒုက္ခတို့၌လည်း အဝိဇ္ဇာက ကိန်းသည်သာ။ အကြောင်းမှာ ရာဂ-ဒေါသ ဖြစ်ခြင်းဟူသည် အဝိဇ္ဇာက သဘောမှန်ကို ဖုံးကွယ်ပြီး ချစ်ဖွယ်-မုန်းဖွယ်အနေဖြင့် အသိမှားအောင် ပြုလုပ်မှသာ ဖြစ်နိုင်၏။ ဤ၌ ဥပေက္ခာ၌ အဝိဇ္ဇာကင်းသည်ဟု ဆိုခြင်းမှာ ဝေဒနာသုံးပါးနှင့် ကိလေသာသုံးပါးတို့ သီးသန့်စီကိန်းပုံကို ပြလို၍ ဆိုထားခြင်း ဖြစ်သည်။

### ဝိဘင်း၌ တနည်းဆိုထားပုံ

ဝိဘင်းကျမ်း၌ကား အဝိဇ္ဇာကိန်းရာ အာရုံ၌ မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာဟူသော အနုသယ ၃-ပါးတို့လည်း အတူတကွ ကိန်းကြသည်ဟု ဆို၏။

ဆိုလိုသည်မှာ- မြင်ဆဲ, ကြားဆဲ အာရုံများကို မရှုမှတ်နိုင်၍ အနိစ္စစသည်ဖြင့် သဘောမှန်ကို မသိလျှင် ထိုအာရုံအပေါ်၌ မြဲသော နိစ္စအနေ, ကောင်းသော သုခအနေ, အသက်ဇီဝရှိသော

အတ္တကောင် အနေအားဖြင့် အလွဲအမှားကို အဝိဇ္ဇာက မှတ်ယူသွားတော့၏။ ထိုသိမှားသော အာရုံ၌ ထောင်လွှားမှု မာနလည်း ဖြစ်နိုင်၏။ အမြင်မှားမှု ဒိဋ္ဌိလဲ ဖြစ်နိုင်၏။ ယုံမှားမှု ဝိစိကိစ္ဆာလည်း ဖြစ်နိုင်၏။

**အနုသယ ၂-မျိုး**

အနုသယသည် သန္တာန်၌ကိန်းသော သန္တာနာနုသယနှင့်၊ အာရုံ၌ကိန်းသော အာရမ္မဏာနုသယ ဟု နှစ်မျိုးရှိ၏။

**သန္တာနာနုသယ**-ဟူသည် အရိယာမဂ်ဖြင့် မပယ်ရသေးသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ အကြောင်း ညီညွတ်လျှင် ဖြစ်ခွင့်ရှိသော ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကိလေသာများကို ဆိုလိုသည်။ ထိုအနုသယများကား မဂ်ဉာဏ်ဖြင့်သာလျှင် ပယ်ဖျောက်နိုင်၏။

**အာရမ္မဏာနုသယ**-ဟူသည် ဒွါရခြောက်ပါး၌ ပေါ်လာသော ရုပ်နာမ်အာရုံများကို မရှုမှတ်ခြင်း ကြောင့် ထိုအာရုံများ၌ အနုသယကိလေသာများ ကိန်းအောင်းတော့၏။ ထိုကဲ့သို့ မကိန်းရလေအောင် ဝိပဿနာရှုသောအားဖြင့် ရုပ်နာမ်မြင်, လက္ခဏာသုံးပါး ထင်မြင်လာပါက ထိုအာရုံတို့အပေါ်၌ အနုသယများ မကိန်းနိုင်တော့ပေ။

**ပုဂ္ဂိုလ်နှင့် အနုသယ**

| ပုဂ္ဂိုလ် | အနုသယ ၇-ပါး | | | | | | |
|---|---|---|---|---|---|---|---|
| | ကာမရာဂါနုသယ | ဘဝရာဂါနုသယ | ပဋိဃာနုသယ | မာနာနုသယ | ဒိဋ္ဌာနုသယ | ဝိစိကိစ္ဆာနုသယ | အဝိဇ္ဇာနုသယ |
| ပုထုဇဉ် | 🏱 | 🏱 | 🏱 | 🏱 | 🏱 | 🏱 | 🏱 |
| သောတာပန် | 🏱 | 🏱 | 🏱 | 🏱 | x | x | 🏱 |
| သကဒါဂါမ် | 🏱 | 🏱 | 🏱 | 🏱 | x | x | 🏱 |
| အနာဂါမ် | x | 🏱 | x | 🏱 | x | x | 🏱 |
| ရဟန္တာ | x | x | x | x | x | x | x |

မှတ်ချက်။ အရိယာမဂ်ဖြင့် မပယ်ရသေးသောကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်နှင့် သေက္ခပုဂ္ဂိုလ်(သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်)တို့၏ သန္တာန်၌ ဖြစ်နိုင်သော ကာမရာဂစသော အနုသယများကို သန္တာနာနုသယ ဟုခေါ်သည်။

**(၂၄) ဖြစ်တိုင်း ကိန်းပါသလော?**

**မေး။ အရှင်မ ဓမ္မဒိန္နာ... သုခဝေဒနာအားလုံး၌ ရာဂါနုသယ ကိန်းပါသလော? ဒုက္ခဝေဒနာအားလုံး၌ ပဋိဃာနုသယ ကိန်းပါသလော? အဒုက္ခမသုခ ဝေဒနာအားလုံး၌ အဝိဇ္ဇာနုသယ ကိန်းပါသလော?**

**ဖြေ။ ဒါယကာ ဝိသာခ... သုခဝေဒနာအားလုံး၌ ရာဂ မကိန်း။ ဒုက္ခဝေဒနာအားလုံး၌ ပဋိဃာ(ဒေါသ) မကိန်း။ အဒုက္ခမသုခ ဝေဒနာအားလုံး၌ အဝိဇ္ဇာ မကိန်း။**

မှတ်ချက်။ ။ဝိပဿနာရှုပြီး၍ အနိစ္စစသည်ဖြင့် သိအပ်ပြီးသော သုခဝေဒနာ၌ ရာဂါနုသယ ပယ်ပြီးဖြစ်၏။ ထိုသို့ ပိုင်းခြားသိအပ်ပြီးသော သုခဝေဒနာ၌ ရာဂါနုသယ မကိန်းတော့။

အပ္ပဟီနောတိ အပ္ပဟီနဘာဝမုခေန အနုသယနဠမာဟ။ သော စ အပ္ပဟီနက္ခန္ဓဝတ္ထုတော, ပရိညာတေသု ပတိဋ္ဌံ န လဘတိ။ (မူ၊ဋီ၊၂၈၇။)

## (၂၅) ဘာကို ပယ်ရမည်နည်း?

**မေး။ အရှင်မ ဓမ္မဒိန္နာ... သုခဝေဒနာ၌ အဘယ်ကို ပယ်ရပါမည်နည်း? ဒုက္ခဝေဒနာ၌ အဘယ်ကို ပယ်ရပါမည်နည်း? အဒုက္ခမသုခ ဝေဒနာ၌ အဘယ်ကို ပယ်ရပါမည်နည်း?**

**အဖြေ။ ဒါယကာ ဝိသာခ... သုခဝေဒနာ၌ ရာဂါနုသယကို ပယ်ရမည်။ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယ ကို ပယ်ရမည်။ အဒုက္ခမသုခဝေဒနာ၌ အဝိဇ္ဇာနုသယကို ပယ်ရမည်။**

အဓိပ္ပါယ်။ ။အာရုံကောင်းများနှင့် တွေ့ရ၍ သုခဝေဒနာများဖြစ်လာပြီး ၎င်းတို့ကို မရှုမှတ်နိုင်လျှင် ထိုအာရုံ၌ လိုချင်တပ်မက်မှု ရာဂါနုသယ ကိန်း၏။ ဖြစ်ခွင့်ရှိ၏။ အနိစ္စစသည်ဖြင့် ရှုမှတ်နိုင်လျှင် ကား ထိုသုခဝေဒနာ၌ ရာဂဖြစ်ခွင့်မရှိတော့။ ဤကဲ့သို့ ဖြစ်ခွင့်မရှိအောင် ရှုမှတ်သောအားဖြင့် ပယ်ရမည် ဟု ဆိုလိုသည်။ ကျန်သော ဒုက္ခနှင့် ဥပေက္ခာဝေဒနာတို့၌လည်း ဤနည်းတူပင်။

## (၂၆) အားလုံး ပယ်ရမည်လော?

**မေး။ အရှင်မ ဓမ္မဒိန္နာ... သုခဝေဒနာ အားလုံး၌ ရာဂါနုသယကို ပယ်ရပါမည်လော? ဒုက္ခဝေဒနာ အားလုံး၌ ပဋိဃာနုသယကို ပယ်ရပါမည်လော? အဒုက္ခမသုခဝေဒနာ အားလုံး၌ အဝိဇ္ဇာနုသယကို ပယ်ရပါမည်လော?**

အဓိပ္ပါယ်။ ။သုခဝေဒနာ အားလုံး၌ ရာဂါနုသယကို ပယ်အပ်ပါသလော? ဒုက္ခဝေဒနာ အားလုံး၌ ပဋိဃာနုသယကို ပယ်အပ်ပါသလော? ဥပေက္ခာဝေဒနာ အားလုံး၌ အဝိဇ္ဇာနုသယကို ပယ်အပ်ပါသလော... ဟု ဆိုလို၏။

**ဖြေ။ ဒါယကာ ဝိသာခ... သုခဝေဒနာ အားလုံး၌ ရာဂါနုသယကို မပယ်ရ။ ဒုက္ခဝေဒနာ အားလုံး၌ ပဋိဃာနုသယကို မပယ်ရ။ အဒုက္ခမသုခဝေဒနာ အားလုံး၌ အဝိဇ္ဇာနုသယကို မပယ်ရ။**

**ဒါယကာ ဝိသာခ... ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်ပြီး၊ အကုသိုလ် တို့မှ ကင်းဆိတ်၍၊ ကြံစည်မှု ဝိတက်, ဆင်ခြင်သုံးသပ်မှု ဝိစာရတို့နှင့် တကွဖြစ်သော၊ နီဝရဏတို့မှ ကင်း ဆိတ်ခြင်းကြောင့် ဖြစ်သည့် နှစ်သိမ့်မှု ပီတိ, ချမ်းသာမှု သုခရှိသော ပဌမစျာန်သို့ ရောက်၏။ ထိုပဌမ စျာန်ဖြင့် ရာဂကို ပယ်၏။ ထိုပဌမစျာန်၌ ရာဂမကိန်း။**

**ဒါယကာ ဝိသာခ... ရဟန်းသည် “ငါသည် အရဟတ္တဖိုလ်ကို ဘယ်တော့ ရောက်ရပါအံ့နည်း”ဟု ဆင်ခြင်၏။ ထိုအရဟတ္တဖိုလ်ကို တောင့်တသော ရဟန်းအား တောင့်တခြင်းကြောင့် စိတ်ဆင်းရဲမှု ဒေါမနဿ ဖြစ်၏။ ထိုဒေါမနဿဖြင့် ထိခိုက်မှု ပဋိဃကို ပယ်၏။ ထိုစိတ်ဆင်းရဲမှု ဒေါမနဿ၌ ပဋိဃာ-နုသယ မကိန်း။**

**ဒါယကာ ဝိသာခ... ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း၊ ဝမ်းနည်းဝမ်းသာမှု များ ရှေးဦးကပင် ချုပ်နှင့်ခြင်းကြောင့်၎င်း၊ ဆင်းရဲချမ်းသာ မရှိသော ဥပေက္ခာကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၏။ ထိုစျာန်ဖြင့် အဝိဇ္ဇာကို ပယ်၏။ ထိုစျာန်၌ အဝိဇ္ဇနုသယ မကိန်း။**

**အဓိပ္ပါယ်ရှင်းချက်**

ပဌမစျာန် အင်္ဂါငါးပါး၌ နှစ်သက်မှု **ပီတိ**လည်း ပါ၏။ လွန်ကဲသော ချမ်းသာမှု **သုခ**လဲ ပါ၏။ ထိုကြောင့် ဤပဌမစျာန်ကို ဝိပဿနာ မရှုလျှင် ရာဂဖြစ်တတ်၏။ သို့သော် ဤရဟန်းသည်ကား ဝိပဿနာရှုသဖြင့် ရာဂကင်းကာ ရဟန္တာဖြစ်သွား၏။ ထိုသို့ ရဟန္တာဖြစ်သွားခြင်းမှာလည်း ပဌမစျာန်ကပင် အရဟတ္တမဂ်၏ အခြေခံအဖြစ်ဖြင့် ကျေးဇူးပြုပြီး ရာဂကို ပယ်ရာရောက်၏။ ထို့ကြောင့် ပဌမစျာန်သုခ၌ ရာဂါနုသယ မကိန်းတော့သဖြင့် ဝိပဿနာဖြင့် ပယ်စရာ မလိုတော့ဟု ဆိုခြင်းဖြစ်ပေသည်။

"အရဟတ္တဖိုလ်တရားထူး ဘယ်တော့ရမည်နည်း"ဟု တောင့်တနေသော သူအား စိတ်ဆင်းရဲမှု ဒေါမနဿ ဖြစ်၏။ ထိုဒေါမနဿကိုပင် အမှီပြု၍ အားထုတ်သောအခါ အနာဂါမ်သို့ ရောက်သွား၏။ ထို ဒေါမနဿကို အမှီပြုရသော အနာဂါမိမဂ်ဖြင့်ပင် ပဋိဃာနုသယကို ပယ်ရာ၌ ဒေါမနဿကပင် ပယ် သလို ဖြစ်နေ၏။ အမှန်မှာ ဒေါမနဿသည် အကုသိုလ်ကို မပယ်နိုင်ပေ။ သို့သော် တရားထူးရရေးနှင့် စပ်ပြီးဖြစ်သော ဒေါမနဿကို အမှီပြုပြီး ကြိုးစားအားထုတ်သောအခါ အနာဂါမိမဂ်စသည်ကို ရလာ၏။ ဤရသော အနာဂါမိမဂ်ဖြင့်သာ ပဋိဃကို ပယ်ခြင်းဖြစ်၏။ ဤကဲ့သို့ ဒေါမနဿ၏ အထောက်အပံ့ဖြင့် ရလာသောမဂ်က ပယ်တာမို့ ဒေါမနဿက ပယ်သည်ဟု ဆိုထားခြင်းဖြစ်၏။ ဤဒေါမနဿမျိုး၌ ပဋိဃာနုသယ မကိန်းတော့။ (**မဟာသီဝမထေရ်** ကဲ့သို့တည်း)

စတုတ္ထစျာန် ဝင်စားနေသော ရဟန်း၌ ဒုက္ခ, ဒေါမနဿ, သုခ, သောမနဿ ဝေဒနာလေးမျိုးလုံး မရှိတော့ပေ။ ဥပေက္ခာ ဝေဒနာသာ ရှိတော့၏။ ထိုဥပေက္ခာဝေဒနာ၌ အဝိဇ္ဇာကိန်းတတ်၏။ စတုတ္ထစျာန် ကို အခြေခံ၍ ဝိပဿနာရှုသောအခါ အရဟတ္တဖိုလ်ကို ရသွား၏။ အဝိဇ္ဇာကိုလည်း ပယ်ပြီးသား ဖြစ်သွား တော့၏။ ထို့ကြောင့် ထိုစတုတ္ထစျာန်၌ အဝိဇ္ဇာနုသယ မကိန်းတော့။

မှတ်ချက်။ စတုတ္ထစျာန်က ပယ်ခွါအပ်ပြီးသော အဝိဇ္ဇာနုသယကို ခွါမြဲအတိုင်းထားကာ ဝိပဿနာ ဆက်ရှုရင်း အရဟတ္တမဂ် ဖြစ်လာ၏။ ထိုအခိုက် အဝိဇ္ဇာနုသယကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်လိုက်ခြင်း ဖြစ်၏။ သို့သော်လည်း စတုတ္ထစျာန်က ပယ်ခွါထားပြီးသား အဝိဇ္ဇာနုသယကို အရဟတ္တ မဂ်က ပယ်ရသောကြောင့် စတုတ္ထစျာန်က ပယ်သလိုဖြစ်နေ၍ "စတုတ္ထစျာန်က ပယ်သည်"ဟု ဆိုခြင်း ဖြစ်သည်။ အမှန်မှာ စတုတ္ထစျာန် ဥပေက္ခာ၌ ရှိသော အဝိဇ္ဇာနုသယကို အရဟတ္တမဂ်ကသာ ပယ်ခြင်း ဖြစ်၏။

**မဟာသိဝထေရ်အကြောင်း**

ပိဋကတ်သုံးပုံ တတ်ကျွမ်းသော မဟာသီဝမထေရ်သည် "သည်လောက် စာတတ်လျှင် အလွယ် တကူဖြင့် ရဟန္တာ ဖြစ်လိမ့်မည်"ဟု ထင်ကာ တောထွက်၍ တရားအားထုတ်၏။ သို့သော် ဖြစ်မလာပေ။ တစ်ဝါတွင်း ဆက်အားထုတ်၏။ မဖြစ်။ နောက်တစ်ဝါ အားထုတ်၏။ မဖြစ်။ ထို့ကြောင့် ဝါကျွတ် လေတိုင်း မျက်ရည်ဝိုင်းခဲ့ရ၏။ ထိုစိတ်မချမ်းသာမှု ဒေါမနဿကိုပင် အခြေခံကာ မလျှော့သောဇွဲဖြင့် ဆက်လက်အားထုတ်ရာ အနှစ် ၃၀-မြောက်တွင် ရဟန္တာဖြစ်ခဲ့၏။ (သက္ကပဉှသုတ်၊ ၄၊ ၂၊ ၃၁၉။)

## ဆန့်ကျင်ဘက် ပြိုင်ဘက်အင်အား မေးခွန်းများ

**(၂၇) သုခ၏ စင်ပြိုင်ပုံတူကား အဘယ်နည်း?**

**မေး။ အရှင်မ ဓမ္မဒိန္နာ... သုခ၏ စင်ပြိုင်ပုံတူ တရားကား အဘယ်ပါနည်း?**
**ဖြေ။ ဒါယကာ ဝိသာခ... သုခ၏ စင်ပြိုင်ပုံတူ တရားကား ဒုက္ခပင်တည်း။**

မှတ်ချက်။ ။ဤ၌ ပြိုင်ဘက်ဟူသည်- ဆန့်ကျင်ဘက် အပြိုင်ဖြစ်နေခြင်းကို ဆိုလို၏။ သုခက ကောင်းသလို ဒုက္ခကလည်း အဆိုးအားဖြင့် ပြိုင်၍ရှိနေ၏။ တောင်ကြီးက အထက်သို့ မြင့်တက်သွားသလို ချောက်ကြီးကလည်း အောက်သို့ နိမ့်ဆင်းသွားခြင်းအားဖြင့် အားပြိုင်နေ၏။

**(၂၈) ဒုက္ခ၏ စင်ပြိုင်ပုံတူကား အဘယ်နည်း?**

**မေး။ အရှင်မ ဓမ္မဒိန္နာ... ဒုက္ခ၏ စင်ပြိုင်ပုံတူ တရားကား အဘယ်ပါနည်း?**
**ဖြေ။ ဒါယကာ ဝိသာခ... ဒုက္ခ၏ စင်ပြိုင်ပုံတူ တရားကား သုခပင်တည်း။**

**(၂၉) ဥပေက္ခာ၏ စင်ပြိုင်ပုံတူကား အဘယ်နည်း?**

**မေး။ အရှင်မ ဓမ္မဒိန္နာ... ဥပေက္ခာ၏ စင်ပြိုင်ပုံတူ တရားကား အဘယ်ပါနည်း?**
**ဖြေ။ ဒါယကာ ဝိသာခ... ဥပေက္ခာ၏ စင်ပြိုင်ပုံတူ -တရားကား အဝိဇ္ဇာတည်း။**

အဓိပ္ပါယ်။ ။သုခနှင့်ဒုက္ခဖြစ်လျှင် ထင်ရှား၏။ သိလွယ်၏။ သို့သော် ဥပေက္ခာမှာကား မထင်ရှား။ အသိခက်၏။ ထို့အတူပင် လောဘ,ဒေါသဖြစ်လျှင် ထင်ရှား၏။ သိလွယ်၏။ သို့သော် အဝိဇ္ဇာဖြစ်လျှင်ကား မထင်ရှား၊ အသိခက်၏။ သိမ်မွေ့မှုနှင့် လျှို့ဝှက်မှုနှစ်ခု အားပြိုင်နေ၏။

**(၃၀) အဝိဇ္ဇာ၏ ပြိုင်ဘက်ကား အဘယ်နည်း?**

**မေး။ အရှင်မ ဓမ္မဒိန္နာ... အဝိဇ္ဇာ၏ ပြိုင်ဘက်တရားကား အဘယ်ပါနည်း?**
**ဖြေ။ ဒါယကာ ဝိသာခ... အဝိဇ္ဇာ၏ ပြိုင်ဘက်တရားကား ဝိဇ္ဇာပင်တည်း။**

အဓိပ္ပါယ်။ ။အဝိဇ္ဇာသည် အရာတိုင်းကို အမှားသိအောင် အမှောင်ချထား၏။ ဝိဇ္ဇာသည် အရာအားလုံးကို အမှန်အတိုင်း သိအောင် အလင်းရောင်ကို ထွန်းပြထား၏။ ဤသို့ တရားနှစ်ပါး အားပြိုင်နေ၏။

**(၃၁) ဝိဇ္ဇာ၏ ပြိုင်ဘက်ကား အဘယ်နည်း?**

**မေး။ အရှင်မ ဓမ္မဒိန္နာ... ဝိဇ္ဇာ၏ ပြိုင်ဘက်တရားကား အဘယ်ပါနည်း?**
**ဖြေ။ ဒါယကာ ဝိသာခ... ဝိဇ္ဇာ၏ ပြိုင်ဘက်တရားကား လွတ်မြောက်မှု "ဝိမုတ္တိ"ပင်တည်း။**

အဓိပ္ပါယ်။ ။ဝိဇ္ဇာဟူသည် အမြတ်ဆုံးအားဖြင့် အရဟတ္တမဂ်ဉာဏ် ဖြစ်၏။ ဝိမုတ္တိဟူသည် ထိုအရဟတ္တမဂ်၏ အရဟတ္တဖိုလ်ပင်တည်း။ ထိုနှစ်ပါးသည် သဘောအားဖြင့် အတူတူပင် ဖြစ်၏။

**(၃၂) ဝိမုတ္တိ၏ ပြိုင်ဘက်ကား အဘယ်နည်း?**

**မေး။ အရှင်မ ဓမ္မဒိန္နာ... ဝိမုတ္တိ၏ ပြိုင်ဘက်တရားကား အဘယ်ပါနည်း?**
**ဖြေ။ ဒါယကာ ဝိသာခ... ဝိမုတ္တိ၏ ပြိုင်ဘက်တရားကား ငြိမ်းအေးမှု နိဗ္ဗာန်ပင် ဖြစ်၏။**

အဓိပ္ပါယ်။ ။ဝိမုတ္တိဟူသော အရဟတ္တဖိုလ်နှင့် နိဗ္ဗာန်သည် မြင့်မြတ်မှုအားဖြင့် တူကြ၏။ ကိလေသာ အာသဝေါတို့မှ လွတ်ပုံချင်းအားဖြင့်လည်း တူ၏။ ကိလေသာ အာသဝေါတရားများသည် အရဟတ္တဖိုလ်ကိုလည်း အာရုံမပြု နိုင်ကြပေ။ နိဗ္ဗာန်ကိုလည်း အာရုံမပြုနိုင်ပေ။ အရဟတ္တဖိုလ်ကလည်း လောကုတ္တရာတရား၊ နိဗ္ဗာန်ကလည်း လောကုတ္တရာတရားပင်။ အရဟတ္တဖိုလ်ကလည်း အဗျာကတ တရား၊ နိဗ္ဗာန်ကလည်း အဗျာကတ တရားပင်။

**(၃၃) နိဗ္ဗာန်မှာ ပြိုင်ဘက်မရှိ**

**မေး။ အရှင်မ ဓမ္မဒိန္နာ... ငြိမ်းအေးမှုနိဗ္ဗာန်၏ ပြိုင်ဘက်ကား အဘယ်ပါနည်း?**

**ဖြေ။ ဒါယကာ ဝိသာခ... ပြဿနာကို ကျော်လွန်သွားပြီ။ ပြဿနာတို့၏ အဆုံးအပိုင်းအခြားကို ယူရန် မစွမ်းနိုင်။ မှန်၏။ ဒါယကာ ဝိသာခ... မြတ်သောအကျင့်သည် နိဗ္ဗာန်သို့ သက်ဝင်၏။ နိဗ္ဗာန်လျှင် အဆုံးရှိ၏။ ဒါယကာ... သင်အလိုရှိလျှင် မြတ်စွာဘုရားကိုသာ ချဉ်းကပ်၍ မေးပါ။ ဘုရားပြောသည့် အတိုင်းသာ အနက်အဓိပ္ပါယ်ကို မှတ်ထားပါလော- ဟု မိန့်ဆိုလိုက်၏။**

ထိုအခါ ဝိသာခဒါယကာသည် ဓမ္မဒိန္နာထေရီမကို ဝမ်းမြောက်စကား ပြောကြားပြီး ရိုသေစွာ ရှိခိုးကာ နှုတ်ဆက်၍ ပြန်သွားလေ၏။ ၎င်းနောက် မြတ်စွာဘုရားထံသွား၍ ဤအကြောင်းအားလုံးကို လျှောက် ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက "ဒါယကာ ဝိသာခ... ဓမ္မဒိန္နာ ဘိက္ခုနီမသည် ဉာဏ်ပညာကြီးမားလှပေ၏။ ဤပြဿနာကို ငါဘုရားအား လာမေးလျှင်လည်း ဤအတိုင်းပင် ဖြေဆိုပေလိမ့်မည်။ အနက်အဓိပ္ပါယ်ကို ဓမ္မဒိန္နာဘိက္ခုနီမ ဖြေကြားသည့်အတိုင်းသာ မှတ်ပါလေလော့"ဟု မိန့်တော်မူလိုက်၏။ ဝိသာခ ဥပါသကာသည် မြတ်စွာဘုရား တရားတော်ကို နှစ်လိုဝမ်းမြောက်စွာ နာယူမှတ်သားလိုက်၏။

ဓမ္မပဒဥ္စကား-

ယဿ ပုရေ စ ပစ္ဆာ စ၊ မဇ္ဈေ စ နတ္ထိ ကိဥ္စနံ။
အကိဥ္စနံ အနာဒါနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

အကြင်ပုဂ္ဂိုလ်အား လွန်လေပြီးသော အတိတ်ခန္ဓာ၌၎င်း၊ နောင်အနာဂတ် ခန္ဓာ၌၎င်း၊ ပစ္စုပ္ပန်ခန္ဓာ၌၎င်း တပ်မက်မှု တဏှာမရှိတော့ချေ။ ထိုတပ်မက်မှုကင်းသော ပုဂ္ဂိုလ်ကို မကောင်းမှုကို အပပြုပြီး သော ပုဂ္ဂိုလ်မြတ်ဟု ငါဘုရား မိန့်ဆို၏-ဟု ဘုရားက ချီးကျူးတော်မူ၏။

## ဘုရားတံဆိပ် ခံနှိပ်ပေးလိုက်သည့် ဒေသနာ

ဤတရားတော်ကို မူရင်းဟောပြသည်မှာ ဓမ္မဒိန္နာထေရီမ ဖြစ်၍ တပည့်ဟောကြားသော (သာဝက ဘာသိတ)တရား ဖြစ်နေ၏။ သို့သော် မြတ်စွာဘုရားက အတည်ပြုပေးလိုက်သောအခါ ဘုရား ဟောသော (ဇိနဘာသိတ, ဗုဒ္ဓဘာသိတ) တရားအဖြစ်သို့ ရောက်သွားတော့၏။

ဥပမာ- မင်းမှုထမ်းတို့ ရေးသားအပ်သော သဝဏ်လွှာသည် မင်းတံဆိပ် မရိုက်ရသေးလျှင် မင်းသဝဏ်လွှာ မမည်သေး။ မင်းက တံဆိပ်ရိုက်ပေးပြီးမှသာလျှင် မင်းသဝဏ်လွှာ မည်သကဲ့သို့၊ "ငါဘုရားအား မေးလျှင်လည်း ဤအတိုင်းပင် ဖြေဆိုလိမ့်မည်"ဟု ဘုရားက နှုတ်မြွက်ကာ တံဆိပ်ခပ်

အပ်သောကြောင့် ဤစူဠဝေဒလ္လသုတ္တန်သည် ဘုရားဟောအပ်သော ဇိနဘာသိတသုတ္တန် ဖြစ်လေတော့၏။

ဓမ္မဒိန္နာထေရီမ တေဒဂ်ဘွဲ့ထူး ချီးကျူးခံရ

ခက်ခဲနက်နဲသည့် ဤစူဠဝေဒလ္လသုတ်ကိုပင် အကြောင်းပြု၍ နောင်သောအခါဝယ် ဘုရားရှင်က ဇေတဝန်ကျောင်းတော်, ပရိသတ်လေးပါးအလယ်တွင် "ဓမ္မဒိန္နာဘိက္ခုနီမသည် ဘိက္ခုနီမ အပေါင်းတို့တွင် တရားဟောရာ၌ အသာဆုံး, အကောင်းဆုံး ဖြစ်၏"ဟု တေဒဂ်ဘွဲ့ထူး ချီးကျူးတော်မူခဲ့၏။

ထို့ကြောင့် ဤစူဠဝေဒလ္လ သုတ္တန်သည် ဓမ္မဒိန္နာရဟန္တာ ထေရီမကြီး၏ တေဒဂ်ဘွဲ့ယူ သုတ္တန်ကြီး တစ်ခုပင် ဖြစ်ပေသည်။

စူဠဝေဒလ္လသုတ် မှတ်စုပြီး၏။

♍♍♍♍♍☸☸☸♎♎♎♎♎